www.burmeseclassic.com

စိုင်းဝုည

# လမ်းမတော် ဖိုးတုတ်

ဖိုးတုတ်သည် လူကောင်းလား . . .

လူမိုက်လား . . . လူဆိုးလားဟု

ပြောရန် ခက်သကဲ့သို့

လူမိုက်သက်သက်ပါဟု

ဆိုရန်လည်း ခက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စံလှ စာပေတိုက်

စာအုပ်နှင့် ပြက္ခဒိန်ဖြန့်ချိထုတ်ဝေရေး

အမှတ် (၁၈၀)၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၄၆၆၂၁

BURMESE CLASSIC .com

## ရွှေပြည့်စုံစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# လမ်းမတော် ဖိုးတုတ်

# မင်းပုည

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၇၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၅၃၀၆၁၁

ထုတ်ဝေသည့်ကာလ။ - ၂၀၁၁ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

မျက်နှာဖုံးဒီဇိုင်း - ကြယ်သုခအိမ်

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၅၀၀

ထုတ်ဝေသူ - ဦးဂျော်ဆိန်း
(ရဲအောင်စာပေ)
(၂)လွှာ၊ (၁) လမ်း၊ မင်္ဂလာတောင်ညွန့်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ် (၁၇၁)၊ (၃၃) လမ်း၊
ကျောက်တံတား၊ ရန်ကုန်။

ဗ၉၅.၈၃

မင်းပုည

လမ်းမတော်ဖိုးတုတ် / မင်းပုည၊ ရန်ကုန်

ရဲအောင် စာပေ၊ ၂၀၁၁။

၂၆၀ - စာ၊ ၁၂.၅ × ၂၀ စင်တီ၊

(၁) လမ်းမတော်ဖိုးတုတ်

## အခန်း(၁)

လူမိုက်ကြီးလမ်းမတော်ဖိုးတုတ်ဆိုလျှင် အားလုံးကသိကြသည်။ လမ်းမတော်ဖိုးတုတ်သည် လမ်းမတော်မှာ မိုက်တာမဟုတ်။ ရန်ကုန်မြို့မှာပါမိုက်သည်။ လူမိုက်တို့၏အားကိုးရာ ဆရာတစ်ယောက်အဖြစ် ရပ်တည်နေသည်။

လမ်းမတော်ဖိုးတုတ်အရင် ပုဏ္ဏားဘကွန်းဆိုတာရှိသည်။ လူမိုက်ကြီးတစ်ယောက်။ လမ်းမတော်ဖိုးတုတ် ဓားစွမ်းပြလိုက်၍ ပုဏ္ဏားဘကွန်းလူမိုက်ဘဝမှ တစ်ခန်းရပ်သွားသည်။

ထိုအချိန်က လမ်းမတော်နယ်မြေတွင် တရုတ်၊ ကုလား



www.burmeseclassic.com

(ဂေါ်ရင်ဂျီခေါ်တော) ဗမာနေသောရပ်ကွက်ဖြစ်သည်။ ဂေါ်ရင်ဂျီများက လန်ချားဆွဲခြင်း၊ ခါးပိုက်နှိုက်ခြင်းများနှင့် အရက်သောက်ဖဲရိုက်တတ်ကြသည်။ ခေါ်တောများက ၁၅ လမ်း၊ ၁၆ လမ်း၊ ကမ်းနားလမ်းထိပ်တွင် သင်္ဘောသမားအလုပ်၊ ကုလားထမင်းဆိုင်ဖွင့်၊ ကြက်ရောင်း၊ အရက်သောက်၊ ဖဲရိုက်ကြသည်။ တရုတ်များက ဘိန်းပြောင်းထောင်ခြင်း၊ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်နှင့် ကုန်စုံဆိုင် စသည် များကို လုပ်ကိုင်ကြသည်။

အချို့ကုလားလူမျိုးများက လမ်းထောင့်တွင် ကွမ်းယာဆိုင်များ ဖွင့်လှစ်ရောင်းကြသည်။ ထို့အတူ နိုင်ငံခြားသားများ အထူးဆိုင်ကြီး များဖြင့် စီးပွားလမ်းဖြောင့်သောအရပ်တစ်ခုဖြစ်သည်။ ဈေးဆိုင်များ တည်ရာအရပ်ဖြစ်သည့် အားလျော်စွာ လူအများ ဝင်ထွက်သွားလာ ဝယ်ခြမ်းစားသောက်ကြသည်။ လူအများနှင့်ဆက်ဆံသောအရပ်တစ်ခုသည် လူရှယ်လူမိုက်ကလေးများ၏စားကျက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စားသုံးဝင်ထွက်သူများသည် ဆိုင်များတွင် ရန်ဖြစ်တတ်ကြသည်။ ဆူပူတတ်၏။ ပစ္စည်းယူတတ် နိုးတတ်ကြသည်။ ၎င်းဆူ ပူမှု၊ ရန်ဖြစ်မှု၊ လုယက်မှုမျိုးကို ဖိုးတုတ်နှင့် တပည့်များက ကာကွယ်ပေးသည်။ ထိုကာကွယ်ပေးခြင်းအတွက် ဆိုင်ရှင်အမျိုးမျိုးက ကျေးဇူးသိကြသည်။ လစဉ်ကြေးနှင့် မိမိဆိုင်တွင်





စားသောက်သုံးဆောင်သမျှကို အခမဲ့ယူခွင့်ရှိသည်။

လမ်းမတော်ဖိုးတုတ်၏တပည့်များ စောင့်ရှောက်ပေးမည့်အခွင့်အရေးကို မလိုချင်လျှင် ကာကွယ်ခမပေးဘဲနေနိုင်သည်။ သို့သော် များမကြာမီ ၎င်းတို့ဆိုင်များတွင် ဆူပူမှု၊ ရန်ဖြစ်မှု၊ ဖျက်ဆီးမှု၊ လုယက်မှု၊ ပစ္စည်းများပျောက်ခြင်း စသည်များနှင့် တွေ့ကြရ၊ ခံစားကြရ၊ ဆုံးရှုံးကြ ရသည်။

ကျူးလွန်သူများမှာ တခြားလူတွေမဟုတ်။ လမ်းမတော်ဖိုးတုတ်၏တပည့်များဖြစ်ကြသည်။ စံဘသောင်းရီခေါ်ဂန္ဓမာဆောင်းရင်၊ ညွှန့်၊ အုန်းဖေ၊ အောင်ဘ၊ ချန်ထွန်း စသည့်လူငယ်များဖြစ်ကြသည်။ ၎င်းတို့သည် လမ်းမတော်တွင်နေရပေမယ့် အခြေအနေကျနစွာမရှိ။ လမ်းပေါ်နေ၊ လမ်းပေါ်စား၊ အငှားကားများ ပေါ်တွင် အိပ်၍အသက်မွေးလျက်ရှိသည်။

လူဆိုးကလေးများလစဉ်ကောက်ခံရသော ကာကွယ်ကြေးသည် လမ်းမတော်ဖိုးတုတ်ထံသို့ရောက်ရသည်။ ၎င်းမှတဆင့် လူဆိုးကလေးများ ခွဲဝေယူကြသည်။ တစ်လတွင် လမ်းမတော်ဖိုးတုတ် အနေနှင့် ၅၀၀ဝိ မှ ၁၀၀၀ဝိ ကျပ်အတွင်းရှိချေသည်။ အခြားငွေဝင်လမ်းမှာ ညဖက်လှမ်းမိုးသောအပိုင်းတွင် ဥဖြစ်သော ရာဇဝတ်မှုအမျိုးမျိုးမှရသောငွေပစ္စည်းတန်ဖိုးကို ဖိုးတုတ်ထံ လာရောက်အပ်နှံရခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ အကယ်၍အသိမပေးမအပ်နှံပါက လမ်းမတော်ဖိုးတုတ်၏တပည့်များက မကြာမီ ထိုသူကို ခေါ်ငင်ပြီး လမ်းမတော်ဖိုးတုတ်ထံ လာရောက်အပ်နှံကြသည်။

တစ်နေ့ လမ်းမတော်ဖိုးတုတ် ၎င်းအိမ်၌ရှိနေစဉ် တပည့်များ လူတစ်ယောက်ကို ဆွဲခေါ်လာသည်။

"ဟေ့ ဘာဖြစ်လာတာလဲ"

"ဒီကောင် ကျွန်တော်တို့နာမည်ကို ဖျက်ပါတယ်။ ကျွန်တော်တို့ရဲ့စည်းကမ်းကို မလိုက်နာပါဘူး ဆရာကြီး"

"အေး ထားခဲ့ သူ့ကိုငါကြည့်လိုက်ဦးမယ်။ ပိုင်ရှင်ခေါ်ခဲ့"

ထိုသို့ပြောပြီး တပည့်များက အပြင်ကိုထွက်သွားသည်။ အခန်းထဲတွင် လမ်းမတော်ဖိုးတုတ်နှင့် ခေါ်လာသူတို့သာ ကျန်ရစ်ခဲ့ကြသည်။ ၎င်းသည် လမ်းမတော်နယ်ရှိ သူတစ်ယောက်ကို ခါးပိုက်နှိုက်ယူလိုက်သည်၊ ရရှိသောငွေများကို တစ်ယောက်တည်း အပိုင်စီးထားသည်၊ လမ်းမတော်ဖိုးတုတ်ထံ မအပ်ပေ။

အနှိုက်ခံရသူသည် လမ်းမတော်ဖိုးတုတ်ကို လစဉ် ဆက်ကြေးပေးနေရသူဖြစ်သည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ လာရောက်တိုင်ကြားသည်။ လမ်းမတော်ဖိုးတုတ်က ဖြေရှင်းပေးပါမည်ဟု ပြောလိုက်ရ သည်။





လမ်းမတော်ဖိုးတုတ်သည်၎င်းကိုသေချာကြည့်လိုက်သည်။

"ခင်ဗျား ဘာလို့အခုလိုလုပ်ရတာလဲ"

"သုံးစရာမရှိလို့ပါ"

"ဒီနယ်မြေမှာ မကျူးလွန်ရဘူးလို့ ပြောထားတာ မသိဘူးလား"

"မေ့သွားလို့ပါ"

"ဒို့ထက်ကောင်းတဲ့အဖြေမရှိတော့ဘူးလား။ မင်းလုပ်တာ ငါ့ကို ဘယ်လောက်အထင်သေးတယ်ဆိုတာ မသိဘူးလား"

"မသိလို့ပါ"

"ရော့"

"ဖြောင်း ဖြောင်း"

"အား အမယ်လေးဗျ"

"အမယ်လေးဗျာ"

"အော်ဦးကွာ အော်ဦးကွာ"

"ဖြောင်း ဖြောင်း"

"အမယ်လေး အမယ်လေး"

လမ်းမတော်ဖိုးတုတ်သည် ပြစ်မှုကျူးလွန်သူကို ရက်စက်စွာ ရိုက်နက်လေသည်။ ၎င်းသည် ထိုင်ရာမှ အနောက်ကို လှန်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ နံရံနှင့်ခေါင်း အရှိန်နှင့်ဆောင့်မိသည်။ နှစ်ခါနာသလို ဖြစ်သွားသည်။

ခေါင်းမှသွေးများထွက်ကျလာသည်။ လမ်းမတော်ဖိုးတုတ်သည် ယခင်သုံးလေးယောက်ကို ထိုကဲ့သို့ပြုလုပ်ဖူးသည်။ ပုလိပ်များက လာရောက်ပြီး တရားခံကိုငင်းတို့လက်အပ်ရန် ပြောပေမယ့်အပ်နံခြင်းမရှိ။ လူမိုက်လောကတွင် ရပ်တည်နိုင်ခြင်းမရှိအောင် ပြုလုပ်လိုက်လေသည်။

လမ်းမတော်ဖိုးတုတ်သည် ဖြစ်မှုတစ်ခု ကျူးလွန်ပြီးလျှင် ငင်းကိုပစ္စည်းအပါအဝင် လာရောက်ပြောကြားလျှင်အသက်ချမ်းသာခွင့်ပေးသလို ပစ္စည်းကိုလည်း ခွဲပေးသည်။ ပုလိပ်လာရောက်ဖမ်းဆီးလျှင် ထိုလူအတွက် အကာအကွယ်ဖြပေးလိုက်သည်။ ထိုသို့မလုပ်လျှင် အသက်ရှင်သည့်တိုင်အောင် တစ်သက်လုံး လုပ်ကိုင်စားသောက်လို့မရအောင် လုပ်လိုက်လေသည်။

ယခုလည်း အဆက်မပြတ်ရိုက်နက်ထား၍ ပြင်းထန်သည့် ဝေဒနာကို အလူးအလိမ့် ခံစားနေရပေတော့သည်။ ခြေလက်ကိုယ်လုံးများ အတွင်းကြေကြေကုန်သည်။ တစ်ကိုယ်လုံးသွေးများ ချင်းချင်းရဲနေသည်။ လှုပ်ရှားလို့မရ နံရံဘေးတွင် ခွေလဲကျနေပေတော့သည်။





"ဖိုးတုတ်ကို လာရှုပ်လို့ကတော့ မျိုးပြုတ်သွားပြီမှတ်"

ဟု ပြောလိုက်ပေတော့သည်။

## မှတ်ချက်


*စာရှုသူအပေါင်းတို့ သာမန်လူတစ်ယောက်ဘဝနှင့်ပျော်ရွှင်စွာနေထိုင်ရင်း ဘာကြောင့် လူမိုက်ဘဝကို ရောက်ရတာလဲ၊ လမ်းမတော်ဖိုးတုတ်ဆိုတာ ဘာကြောင့် ခေါ်တာလဲ။ အောက်ပါအတိုင်း ဆက် လက်ရှုစားတော်မူကြပါရန် . . .*

*(စာရေးသူ)*



www.burmeseclassic.com

www.burmeseclassic.com



(၁၄) လမ်းဆိပ်ရှိ လမ်းမတော်ပိုးတုတ်နေအိမ်

## အခန်း (၂)

"မာမွတ်ကို လာယူဉ်ရင် မင်းတို့ ရင်ပွင့်သွားမှာပေါ့၊ ဒီနေရာဟာ မာမွတ်အတွက် ကြီးကျယ်တဲ့ ကမ္ဘာပဲ"

ဟုပြောဆိုနေသည်။ မာမွတ်သည် ဒါလ်ဟိုဇီ (ပန်းဆိုးတန်း) လမ်းရှိ လမ်းမပေါ်တွင် ဓားရှည်ကို စလွယ်သိုင်းပြီး ထိုင်နေသည်။ မာမွတ်သည် အလွန်ကြောက်စရာကောင်းသည့် လူမိုက်ဖြစ်သည်။

မာမွတ်အသံကြားလိုက်သည်နှင့် အားလုံးတုန်လှုပ်နေရသည်။ ရန်ကုန်ပုလိပ်များသည် လူမိုက်မာမွတ်ကို အခွင့်ထူးများပေးထားသလို ထင်မှတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မာမွတ်ဟာ မတ်စတီခန်း၏အမြောက်ပင့်ခံထားရသူတစ်ယောက်။ မတ်စတီခန်းသည် ဈေးကြီးများပိုင်ဆိုင်ထားသော သူတစ်ယောက်ဖြစ်သလို ရန်ကုန်ပုလိပ်များအတွက် အားကိုးရသည်၊ ပုလိပ်များသည် လူချင်းအမုန်းမခံချင်၍ သူ့ဖွေးလူမိုက်တွေကို နယ်မြေအပိုင်များ ပေးထားသည်။

ယခု လူမိုက်မာမွတ်သည် မက်စတီခန်းအားကိုးနှင့် ထိုနယ်တွင်မိုက်နေသည့်မာမွတ်သည် ဈေးရောင်းနေသူကြားတွင်မုက်ကြေးခွဲရန် လမ်းလျှောက်နေသည်။ မာမွတ်နှင့်မလှမ်းမကမ်းတွင် မူလီခေါင်းတပ်ကြိမ်တစ်လုံးကို ကိုင်ထားသော လူတစ်ယောက်ရှိနေသည်။

၎င်းသည်ဒါလ်ဟိုဇီလမ်းတစ်ဝိုက်မိုက်ကြေးခွဲဗိုလ်ကျနေသူမာမွတ်ကို တိုက်ခိုက်ရန် စောင့်ဆိုင်းနေခြင်းဖြစ်သည်။ မာမွတ်သည် ၎င်းကိုရင်ဆိုင်ရဲသူမရှိဟု ကြွေးကြော်၍ ထိုကဲ့သို့ဗိုလ်ကျစိုးမိုးနေခြင်းဖြစ်သည်။ တကယ်ကို ရင်ဆိုင်ရဲသူမရှိ မာမွတ်သည် ဒါလ်ဟိုဇီလမ်းဘက်ကို ထွက်လာသည်။ မူလီခေါင်းတပ်ကြိမ်တုတ်ကိုင်သူသည် အသင့်ပြင်ဆင်ထားသည်။ တဖြည်းဖြည်းနှင့် အနားကိုရောက်လာသည်။

"မင်းလားကွ လူမိုက်မာမွတ်ဆိုတာ"

"ဖြောင်း"





"ဖြောင်း"

ပြောရင်း ခေါင်းကို အားကုန်ရိုက်ချလိုက်သည်။

ပြင်းထန်သည့်ရိုက်ချက်ကြောင့် မာမွတ်သည် အရှိန်နှင့် မြေပြင်ပေါ်လဲကျသွားလေသည်။

ရိုက်လိုက်သူသည်အနားကထွက်သွားလေသည်။ မာမွတ်ကို ရိုက်သူသည် တခြားလူမဟုတ်၊ ဖိုးတုတ်ဖြစ်နေသည်။

ဖိုးတုတ်သည် လူမိုက်မတ်စတီးခန်းကို မယှဉ်ခင် ၎င်း၏ ညာလက်ရုံးကို အရင်ရှင်းလိုက်ခြင်းဖြစ်သည်။ မက်စတီခန်းသည် လူမိုက်များ၏ ခေါင်းဆောင်တစ်ယောက်ဖြစ်သလို လမ်းမတော် လူမိုက်ပုဏ္ဏား ဘကွန်းနှင့်လည်း ရင်းနှီးသည်။ လမ်းမတော်တွင် ပုဏ္ဏားဘကွန်းက အလွန်ကြောက်စရာကောင်းသည့်လူမိုက်တစ်ယောက်အဖြစ် ကျော်ကြားသည်။

တရုတ်၊ ကုလား၊ ဗမာတို့ဟာ ပုဏ္ဏားဘကွန်းနှင့် တပည့်များကို ကြောက်နေကြရသည်။ ၎င်း၏သြဇာသည် ပုလိပ်မင်းကြီးအထိ သက်ရောက်သည်။ ပုလိပ်မင်းကြီးကလည်း ၎င်းနယ်မြေတွင် ဆူပူမှုများ မဖြစ်ပေါ်စေချင်သည့်အတွက် ပုဏ္ဏားဘကွန်းကို အားကိုးနေရသည်။ ဒေသတွင် နေထိုင်သူများက ပုလိပ်များထက် ထိုလူမိုက်များကိုသာ ကြောက်နေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းအတွက်ဖိုးတုတ်က မခံနိုင်အောင်ဖြစ်နေသည်။ လူမိုက်ခေါင်းဆောင်များကို အနိုင်ယူရေးအတွက် ၎င်းတို့၏အားကိုးရသောလူများကို အရင်ဆုံးဖြေရှင်းရခြင်းဖြစ်သည်။

ဖိုးတုတ်သည်မာမွတ်ကိုရိုက်ပြီးနောက်၎င်းနေထိုင်ရာ လမ်းမတော်ကိုပြန်လာခဲ့လေသည်။ ဖိုးတုတ်နှင့်အတူအရက်သောက်မည့်သူများက လမ်းမတော်ကမ်းနားလမ်း ကွမ်းတန်းဈေးထိပ်မှာ စောင့်ဆိုင်းနေကြသည်။

## အခန်း(၃)

ဖိုးတုတ်လက်ချက်ကြောင့် ဒဏ်ရာရသွားသည့် လူမိုက်မတ်စတီခန်း၏တပည့်သည် အလူးအလဲခံနေရသည်။ ဖိုးတုတ်ကိုမည်သည့် စကားမျှမပြောရန် မှာလိုက်ရဲ့သားနှင့် စကားရှည်လိုက်သည့်အတွက် မတ်စတီခန်းက ရိုက်နှက်နေသည်။

"မင်းတို့လောက် မိုက်မဲတဲ့အကောင် ဒီလောကမှာမရှိဘူး။ ဒီပြဿနာက သေးတယ်လို့ထင်နေသလား။ ငါ့ဘက်ကိုလှည့်လာရင်တော့ မင်းတို့ရဲ့အသက်တွေ ဖက်နဲ့သာထုတ်ထားပေတော့"

"မီးခဲပါလို့ပြောထားရက်သားနဲ့ သွားပြီးတော့ ကိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ဟိုက အဆိပ်မရှိတဲ့သူ ဖြုတ်ဘူး။ နာမည်ကြီးပါတယ် ဆိုတာ တွေကိုစိန်ခေါ်နေတာသိရဲ့သားနဲ့။ တောက်…တယ်ငါလုပ်ရင် သေတော့မှာပဲ"

မတ်စတီခန်းသည် ပြောရင်းနှင့် ဒေါသများထွက်ပေါ်လာ လေသည်။ ရိုက်ခံထားရသည့် တပည့်၏မျက်နှာတွင် ဒဏ်ရာများ ရရှိနေသည်။ လမ်းမတော်ဖိုးတုတ်၏ ဓားဒဏ်ရာကို ကူညီမလား ထင်မိသည်။ ဆရာဖြစ်သူ၏ရိုက်နက်မှုကြောင့် သေလုမျောပါး ခံစား နေရသည်။

မတ်စတီခန်းသည် ၎င်းကို သတ်ပစ်ချင်လောက်အောင် မုန်းတီးသွားသည်။ ဖိုးတုတ်ကိုကြောက်နေရသည့်အထိ ယခုလိုဖြစ် သွား၍နေစရာမြေတောင်မရှိအောင်ဖြစ်နေတော့သည်။ လမ်းမတော် ဖိုးတုတ်ကလည်း လူမိုက်လောကထဲကိုဝင်ရောက်ပြီးမှ ကံမကောင်း သလိုဖြစ်နေသည်။ ယခုလည်း လမ်းသုံးဆယ် ဖိုးတုတ်တစ်ယောက် ပေါ်လာပြန်သည်။ ၎င်းဖိုးတုတ်ကြောင့်လူတွေကလမ်းမတော်ဖိုးတုတ် ကို အထင်သေးမှုများဖြစ်ပေါ်လာသည်။

လမ်းမတော်ဖိုးတုတ်အလွန်ဒေါသထွက်သွားသည်။ တခြား ကိစ္စများ လာရောက်ပြောဆိုလျှင် ဖိုးတုတ်အတွက် တုန်လှုပ်မှုမရှိ။ ယခုသတင်းစကားကြောင့်အလွန်တုန်လှုပ်သွားသည်။ သားလူမိုက်





ကိုဘာမှမပြောခဲ့တဲ့အမေယခုကိစ္စမှာတော့နာနာကြီးကြီးပြောသည်။

"နင့်လောက်မိုက်လုံးကြီးတဲ့လူ မရှိတော့ဘူး။ အမေတို့ဈေး ရောင်းစားတာဘယ်သူ့ကိုမှမလိမ်ညာဘူး။ ကတိမတည်တဲ့အလုပ်ကို မလုပ်ဘူး။ မင်း အမေ့တို့ မိသားစုကို သိက္ခာချနေတာလား"

"ကျွန်တော် မလုပ်ပါဘူးအမေ။ ကျွန်တော်ရှင်းပေးပါမယ်"

အမေဖြစ်သူကို ထိုသို့ပြောပြီးနောက် ဖိုးတုတ်သည် ဓား ဆွဲပြီး ဆင်းလာခဲ့သည်။

"ဟိတ်ကောင်တွေ ဘာထူးလဲ"

"ဖိုးတုတ်ဆိုတာ ဟုတ်ပါတယ်ဆရာ။ သူက လမ်း ၃၀ မှာနေ ပါတယ်။ နာမည်က ဖိုးတုတ်ပါ။ လူမိုက်ဖိုးတုတ်မဟုတ်ပါဘူး။ ပွဲစားဖိုး တုတ်ပါ"

"ပွဲစားက အဲဒီလောက် နာမည်ကြီးရလား"

ဒေါသနှင့်မေးလိုက်သည်။

တပည့်များသည် ၎င်းတို့စုံစမ်းရတာတွေကို ပြောပြလေ သည်။ လမ်းသုံးဆယ်ဖိုးတုတ်သည် တခြားဆိုင်က ပစ္စည်းတွေကို အကြွေးယူသည်။ အကြွေးတောင်းသူတွေရောက်လာရင်အော်ထုတ်၊ ခေါက်ထုတ်သည်။ လူနိုင်တွေလာရင် ရှောင်ပုန်းနေသည်။ တစ်ခါ တလေ အပျော်မယ်တွေနှင့် ဟိုတယ်မှာ ပျော်ပါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ အလောင်းကစားကလည်း မက်သေးသည်။ သူမကြိုက်လို့ မလုပ်တဲ့အလုပ်ဆိုတာမရှိ။ အကုန်လုပ်သည်။

စီးပွားရေးလုပ်ငန်းရှင်တွေကိုပေးရမယ့်ပိုက်ဆံတွေဟာ အဲဒီမှာတင် ကုန်နေသည်။ ထို့အတွက်ကြောင့် ဖိုးတုတ်ဟာ နာမည်ပျက်နေသည်။

ထို့အတွက်ကြောင့် လမ်းမတော်ဖိုးတုတ်ဟာ လမ်း (၃၀) ဖိုးတုတ်ကြောင့် ဒေါသထွက်နေရသည်။

"ဒီအကောင် ငါ့အကြောင်းသိရသေးတာပေါ့ကွာ။ မင်းတို့ အဲ ဒီခွေးမသားကိုရှာပြီး ငါ့ဆီခေါ်ခဲ့။ ဒီနေ့ပဲ သွားခေါ်၊ ရအောင်ခေါ်ခဲ့။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်"

တပည့်များသည် ချက်ချင်းပဲ လမ်း၃၀ ဖိုးတုတ်ရှာဖွေရန် ထွက်သွားကြသည်။ ၎င်းကိုရှာဖွေရာတွင် ခက်ခဲသည့်အရာမဟုတ်။ အရက်ဆိုင်၊ လောင်းကစားဝိုင်း၊ ဟော်တယ်တစ်ခုခုမှာ ရှိနေသည်ဆိုတာ သေချာနေသည်။ လမ်းမတော်ဖိုးတုတ်တပည့်များက ခေသူမှ မဟုတ်ဘဲ၊ ရန်ကုန်မြို့လယ်တွင်ဘယ်သူဘယ်နေရာမှာရှိနေသည်ဆိုတာ သိနေကြသည်။

ဘယ်လိုပင်ဖြစ်ဖြစ် လမ်းမတော်ဖိုးတုတ်ကတော့ အလွန်ဒေါသထွက်နေသည်။ လမ်း၃၀ဖိုးတုတ်သိက္ခာများစွာ ကျနေသည်။





မိခင်ဖြစ်သူကလည်း ထိုကိစ္စကို ရှက်လွန်းလို့ဟုပြောနေသည်။

လမ်း၃၀ဖိုးတုတ်နှင့် နာမည်ချင်းတူနေတာကိုက လမ်းမတော် ဖိုးတုတ်အတွက် မကောင်းဆိုးဝါးတစ်ကောင်ရောက်ရှိလာတာဟု ထင်မှတ်နေသည်။ လမ်းမတော်ဖိုးတုတ်သည် နာမည်တူလူတစ်ယောက်ကို စောင့်ဆိုင်း၊ ဒေါသတွေကို ထိန်းချုပ်နေရသည်။ မကြာခင်အချိန်တွင် လမ်း၃၀ဖိုးတုတ်ကိုဆွဲပြီး တပည့်များ ရောက်ရှိလာသည်။

တပည့်များသည်လမ်း၃၀ဖိုးတုတ်ကိုလွှတ်ပေးလိုက်သည်။ အရက်များမူးနေသည်။ ၎င်းသည် လမ်းမတော်ဖိုးတုတ်ကို သေချာကြည့်လိုက်သည်။ လမ်း၃၀ဖိုးတုတ်၏အကြည့်သည်တစ်ဖက်သားကို အထင်သေးနေသည်။

"ခင်ဗျားကဘယ်သူလဲ။ ကျုပ်ကို ဘာလို့ခေါ်လာတာလဲ။ ကုန် ပစ္စည်းပို့ချင်လို့လား။ ကျုပ်ဆိုင်ကိုပို့လိုက်ပါ"

"မိတ်ဆွေနာမည်က ဘယ်သူလဲ"

"ကျုပ်နာမည် ဖိုးတုတ်လေ။ လမ်း (၃၀) ဖိုးတုတ်ဆိုတာ ကျုပ်ပဲ"

"လူလိမ်"

"ရော့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း"

"အား... ဝုန်း"

ပြင်းထန်သည့်ရိုက်ချက်ကြောင့်လမ်းခုဝဖိုးတုတ်အနောက်ကိုလွင့်ကျသွားသည်။ လမ်းမတော်ဖိုးတုတ်၏ရိုက်ချက်သည်အလွန်ပြင်းထန်လေသည်။ လမ်းခုဝဖိုးတုတ်သည် ခဏအကြာပြန်ထလာသည်။

"ခင်ဗျား ကျုပ်ကို ဘာကြောင့် အခုလိုလုပ်ရတာလဲ။ ကျုပ်အကြောင်း ခင် ဗျားမသိသေးဘူးထင်တယ်"

"ဒီမိကျောင်းသား လျှာရှည်တယ်"

"ဖြောင်း"

"အမယ်လေးဗျ"

လမ်းခုဝဖိုးတုတ်သည်ပါးစပ်မှထွက်ကျလာတဲ့သွေးများကိုအသာသုတ်လိုက်သည်။ ထို့နောက် လမ်းမတော်ဖိုးတုတ်ကို မကျေမနပ်ကြည့်လိုက်သည်။

လမ်းမတော်ဖိုးတုတ်သည် ဒေါသထွက်လာသည်။ အသင့်ရှိနေသည့် မူလီခေါင်းတပ်ကြိမ်တုတ်ကို ကောက်ကိုင်လိုက်သည်။ ၎င်းကြိမ်တုတ်သည် ပန်းဆိုးတန်းလမ်း လူမိုက်မာမွတ်ကို ရိုက်ပြီး လူမိုက်ဘဝကိုစတင်ကူးပြောင်းစဉ်က အသုံးပြုသောတုတ်ဖြစ်သည်။





လမ်းခုဝဖိုးတုတ်သည် လမ်းမတော်ဖိုးတုတ်မှန်းမသိ၍ ထိုကဲ့သို့ ပေကပ်ကပ်လုပ်နေသည်။ လမ်းခုဝဖိုးတုတ်သည် လမ်းမတော်ဖိုးတုတ်အား မကျေမနပ်သဘောဖြင့်ကြည့်နေသည်။

"ဟေ့...ကောင် လူလိမ်မင်းငါ့ကိုဘာလို့စော်ကားရတာလဲ။ မင်းကြောင့် ငါဘယ်လောက်သိက္ခာကျရတယ်ဆိုတာ သိလား"

"ကျုပ် ခင်ဗျားနဲ့မှ မသိဘဲ၊ ခင်ဗျားကို သိက္ခာချစရာ မရှိပါဘူး"

"မင်း... အပြောသိပ်လွယ်တယ်။ ငါ့နာမည် လမ်းမတော်ဖိုးတုတ်"

"ဗျာ"

အလွန်အံ့သြတုန်လှုပ်သွားသည်။ ကြက်သီးများထလာသည်။ လူမိုက်လမ်းမတော်ဖိုးတုတ်ဟု နာမည်ကြီးနေသည်။ တစ်ခါမှ မတွေ့ဖူးပေ။ ရုတ်တရက်တွေ့လိုက်ရ၍ အလွန်တုန်လှုပ်သွားသည်။

"လုပ်ငန်းရှင်တွေဆီက ပစ္စည်းတွေယူပြီး နယ်ကိုပို့တယ်။ သူတို့က တောင်းတော့ မပေးဘဲရှောင်နေတယ်။ မင်းကို ငါမှတ်ပြီး မပြောရဲကြဘူး။ ငါ့ကိုလူတွေက လူလိမ်တစ်ယောက်လို့ ပြောနေကြတယ်။ အဲဒီလုပ်ငန်းရှင်တွေရဲ့ ကုန်ပစ္စည်းဖိုးတွေ အမြန်ပေး၊ ငွေမပေးနိုင်ရင် ပစ္စည်းတွေပြန်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ပေးစရာမရှိသေးလို့ပါ ဆရာကြီးရာ"

"တယ် ငါလုပ်လို့သေတော့မှာပဲ။ မင်းအခုသုံးဖြုန်းရှုပ်ပွေနေတာ ဘာတွေနဲ့လဲ။ မလိုချင်ဘူး။ သုံးရက်အချိန်ပေးမယ်။ သုံးရက်အတွင်း မပေးရင် မင်းရဲ့အသက် ငါ့ကို ပေး ရမယ် ဒါပဲသွားတော့"

လမ်းခုဝဖိုးတုတ်သည် ရုတ်တရက် ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။ ပြောရန်ဟန်ပြင်လိုက်ချိန်တွင် လက်ထဲမှာကိုင်ထားသည့်တုတ်က ခေါင်းပေါ်ပြင်းထန်စွာ ကျရောက်လာသည်။

လမ်းခုဝဖိုးတုတ်သည် ပြောစရာရှိတဲ့စကားများကို မပြောဘဲ ထွက်ခဲ့ရသည်၊ ပေးစရာရှိသည့်ကုန်ပစ္စည်းအကြွေးများကို သုံးရက် အတွင်း ပေးနိုင်အောင် ကြိုးစားရပေတော့မည်။

အခန်း(၄)

တကယ်ကိုကြိုးစားနေသူက ကိုဘသိန်းဖြစ်သည်။

ကိုဘသိန်းသည် လမ်းမတော်ဖိုးတုတ်၏ညီဖြစ်သည်။ ၎င်းသည်မသင်းမြဆိုသည့်မိန်းကလေးနှင့်ဖိုးတုတ်ကိုသဘောတူနေသည်၊ မသင်းမြတို့က ရန်ကုန်သူတွေ ၂၄လမ်းကွမ်းတန်းမှာ ဈေးရောင်းကြသည်။ အဖေမရှိတော့ အမေနှင့်အဒေါ်တို့နှင့် အတူတူနေကြသည်။

မသင်းမြတို့သည် ဆင်းရဲသားများမဟုတ်၊ အတော်အသင့်ရှိကြသည်၊ ဘာသာရေးကို လေးစားသည့် ဘုရားသွားကျောင်းတက်



www.burmeseclassic.com

www.burmeseclassic.com



ဥပုဒ်စောင့်ကြသည်။ ဖိုးတုတ်၏အမေ ငွေကြေးလိုလျှင် မသင်းမြတို့ မိဘများကထောက်ပံ့ကူညီပေးသည်။ ထိုနေ့တွင်မသင်းမြဈေးရောင်းရာကို ကိုဘသိန်းရောက်ရှိ သွားသည်။

"မရီး မရီး အစ်ကိုဖိုးတုတ် မလာဘူးလား"

"ဟဲ့ ဘသိန်း ငါနဲ့ဘာဆိုင်လို့လဲ"

"အစ်ကိုဖိုးတုတ်က မရီးကို စိတ်ဝင်စားနေတာ"

"ငါက နင့်အစ်ကိုလိုပဟာမျိုး တစ်သက်မပြောနဲ့။ ဆယ်သက် စိတ်မကူးဘူး"

"မရီးကသာ စိတ်မကူးတာ။ အစ်ကိုကတော့ စွဲလန်းနေပြီ"

"စောစောသာသေလိုက်။ ဟဲ့ ဘသိန်း နင့်ပြန်မလား မပြန်ဘူးလား။ ငါဒီမှာ လုပ်လိုက်မယ်နော်"

"စိတ်ချင်းကတော့ အတော်ကို တူနေပါလား။ ဒါဆို နီးစပ်နိုင်တယ်။ အစ်ကို့ဆန္ဒ ပြည့်တော့မယ် သွားပြီ မရီးရေ"

ဘသိန်းသည် ပြောဆိုပြီး ထွက်ပြေးလေသည်။ မသင်းမြသည် ရုတ်တရက် အရာဝတ္ထုတစ်ခုနှင့် ပစ်ပေါက်ရန် ကြိုးစားပေမယ့် ဘသိန်းက အဝေးကိုရောက်ရှိသွားလေသည်။



အခန်း(၅)

တကယ်တော့ ဖိုးတုတ်သည် သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါးနေတတ်သည်။ ဘာကိုမှ ဂရုမစိုက်တတ်။ ဈေးရောင်းနေသည့် မိခင်ကြီးကို ကူညီပြီးတာနှင့် ဂျင်ဝိုင်း၊ ကြက်ဝိုင်းများကို သွားရောက်အချိန်ဖြုန်းနေတတ်သည်။ ဖိုးတုတ်နှင့် ပေါင်းသင်းသူများသည် ဆင်းရဲသားလူများမဟုတ်။ ချမ်းသာသည့်သူများ၊ ကျော်ကြားသူများဖြစ်သည်။

ဖိုးတုတ်အတွက် ပူပင်စရာဆို၍ ဘာတစ်ခုမှမရှိ။ အားလုံးအဆင်ပြေသည်။ ကောင်းမွန်စွာ စားသောက်နေနိုင်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဗိုးတုတ်ရင်ထဲမှာ မကျေနပ်စရာများရှိလာသည်မှာ တခြားမဟုတ်။ လူမျိုးခြားတချို့က ရန်ကုန်မြို့ကို ခါးစောင်းတင်ပြီး စိုးမိုးခြယ်လှယ်နေသည်ကို ဗိုးတုတ်ကမခံနိုင်။ လူမျိုးခြားလူမိုက်များသည် မြန်မာလူမျိုးအပါအဝင် လူမျိုးအချင်းချင်းလည်း ဗိုလ်ကျစိုးမိုးအနိုင်ကျင့်လေသည်။

မြန်မာလူမျိုးတွေ သွေးမကောင်းလို့ သတ္တိနည်းလို့ သူတို့က ဗိုလ်ကျခွင့်ရနေတာလား၊ မြန်မာလူမိုက်တွေရှိပါလျက်နှင့် ကိုယ့်ရပ်ကွက်လောက်မှာ နယ်ကျွန်းခံပြီးနေနေတာဟာ သူတို့၏အရှိန်အဝါကို ကြောက်လို့လား၊ ဒါမှမဟုတ် သူတို့နှင့်မဆိုင်လို့လား။

ဗိုးတုတ်က ဒါတွေကိုတွေ့မြင်နေရတာကိုမကျေမနပ်ခံပြင်းနေသည်။ ကိုယ့်ထမင်းအတွက် ကိုယ်ပိုင်စွာစားနေရပေမယ့် သူတို့မကြိုက်ရင် နှိပ်စက်ခံနေရသည်။ မကျေနပ်ရင် လူကိုနှိပ်စက်ရုံမက ပစ္စည်းများကိုပါဖျက်ဆီးသွားသည်။ ရန်ကုန်မြို့တွင်မင်းမဲ့စရိုက်လိုဖြစ်နေသည်။

ပုလိပ်ကိုမကျေနပ်လို့တိုင်ရင် ပုလိပ်များက ထိုလူမိုက်များဘက်ကရပ်တည်ပြီးတိုင်သူကိုထပ်မံနှိပ်စက်သေးသည်။ ထို့အတွက်ကြောင့် ပုလိပ်ကို မတိုင်ရဲကြပေ။ နေ့စဉ်နှင့်အမျှ သောကရောက်နေကြတဲ့သူတွေကိုတွေ့နေရတဲ့ဗိုးတုတ်အတွက် မခံချင်အောင်ဖြစ်လာ





သည်။ ထို့အတွက်ကြောင့် ဗိုးတုတ်လူမိုက် လောကထဲ စတင်ဝင်ရောက် လာသည်။

ကျန်ခဲ့သည့်ရက်က ဗိုးတုတ်ဆုံးမလိုက်သည့် ဒါလ်ဟိုဇီ (ပန်းဆိုးတန်း)လမ်း လူမိုက်မာမွတ်ကတော့ လူမိုက်လောကမှာ အသံမထွက်ရဲတော့အောင်ဖြစ်သွားသည်။ ဒီလောက်ကြီး ဆိုးနေသူကို ရိုက်ရဲ သည်ဆိုကာ ၎င်းနှင့်မိုက်သည်ဟုထင်မှတ်နေသည်၊ ၎င်းကိုရိုက်သူသည် ဗိုးတုတ်ဆိုတာ မည်သူမျှမသိသလို လူမိုက်ခေါင်းဆောင်များဖြစ်ကြသည့်မတ်စတီးခန်းနှင့်ပုဏ္ဏားဘကွန်းကိုတုန်လှုပ်သွားကြလေသည်။

ဘယ်လိုပင်ဖြစ်စေ ဗိုးတုတ်ကတော့ လူမိုက်ခေါင်းဆောင်များ ကို တစ်ယောက်ပြီးတစ်ယောက် ရှင်းရန်ရည်ရွယ်ထားသည်။ လောလောဆယ်ရှင်းရမည့်သူက ၎င်းနှင့်အတူ နယ်မြေတစ်ခုတည်းမှာ ရှိနေ သည့် လူမိုက်ကြီးပုဏ္ဏားဘကွန်းပင်ဖြစ်သည်။

ပုဏ္ဏားဘကွန်းသည် လူမိုက်တပည့်များနှင့် လမ်းမတော်တွင် ကြီးစိုးနေသည်။ ပုဏ္ဏားဘကွန်း အသံကြားလိုက်သည်နှင့် လမ်းမတော်တစ်ဝိုက်မှာ ဖိန့်ဖိန့်တုန်အောင်ကြောက်နေကြရသည်။ ပုဏ္ဏားဘကွန်းကို ချမ်းသာကြွယ်ဝသူများနည်းတူ ဆင်းရဲသားအလုပ်သမားဈေးသည်များကပါကြောက်နေကြရသည်။ အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဟု ခေါ်နေကြရသည်။ ထိုအထဲမှာ ကမ်းနားလမ်းတွင် ဈေးရောင်းနေရသည့်ဖိုးတုတ်၏မိဘမောင်နှမများလည်းပါနေသည်။ ဖိုးတုတ်သည် ဓားရှည်ကိုသွေးပြီး ဘာဆက်လုပ်ရင်ကောင်းမလဲဟု စဉ်းစားနေတော့သည်။

## အခန်း(၆)

ပြုတ်သားသည့်ဆုံးဖြတ်ချက်ကို ဖိုးတုတ်ချလိုက်သည်။ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။ နေရောင်ကြောင့်ဓားအသွားသည်ဝင်းလက်နေသည်။ ဖိုးတုတ်သည်ဓားရှည်ကိုဆုပ်ကိုင်ပြီး(၁၁) လမ်းထဲကိုဝင်သွားလေသည်။

(၁၁) လမ်းတွင် လူမိုက်ကြီးပုဏ္ဏားဘကွန်းနေထိုင်သည်။ ပုဏ္ဏားဘကွန်းနေထိုင်သည့် (၁၁)လမ်းထဲကို လူမိုက်ပေါက်စတစ်ယောက်တည်း အရဲစွန့်ပြီး ဝင်ရောက်သွားသည်။ ဖိုးတုတ်သည် ပုဏ္ဏားဘကွန်းအိမ်ရှေ့အရောက်တွင် ရပ်လိုက်သည်။ ဓားရှည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်သည်။ မျက်နှာကို ပုဏ္ဏားဘကွန်းအိမ်ကို လှည့်လိုက်သည်။

"ပုဏ္ဏားအောက်ကိုဆင်းခဲ့။ ကျုပ် တစ်ယောက်တည်းလာတယ်။ ခင်ပျားလည်း တစ်ယောက်တည်း ဆင်းခဲ့။ ခင်ပျားနဲ့ကျုပ်သေသွားစမ်းရအောင်"

ဖိုးတုတ်၏အသံသည် ပတ်ဝန်းကျင်ကို ကျယ်လောင်စွာလွှမ်းမိုးသွားလေသည်။ အနီးရှိသူများသည် အိမ်အပြင်ဘက်ကထွက်ကြည့်နေကြသည်။ ဖိုးတုတ် ဘာလုပ်မလဲဆိုတာကို သိချင်နေကြသည်။

တကယ်တော့ ပုဏ္ဏားဘကွန်းသည် အလွန်သတ္တိရှိသည်။ ၎င်းလက်ချက်နှင့် သေဆုံးရသူပေါင်းများလှသည်။ ဖိုးတုတ် ရုတ်တရက်စိန်ခေါ်လိုက်တော့ ဘာဆက်လုပ်ရမှန်းမသိအောင်ဖြစ်နေသည်။

တကယ်တော့ ဖိုးတုတ်နှင့်ပုဏ္ဏားဘကွန်းဟာ အသက်ပိုင်းခြားမှုကွာခြားနေသည်။ အသက်ငယ်သည့်ဖိုးတုတ်ကို အသက်ကြီး လာသည့် ပုဏ္ဏားဘကွန်းက ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းရှိမည်မထင်။

ဘယ်လိုပင်ဖြစ်ပါစေ။ ဖိုးတုတ်ဆိုသည့်လူကတော့ ပုဏ္ဏားဘကွန်းကို ရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။





"ဟေ့ ပုဏ္ဏား ခင်ပျားအောက်ကိုဆင်းလာလေဗျာ။ ခင်ပျားသေသွားကရဲတယ်ဆိုလို့ ကျုပ်သေသွားစမ်းရအောင်လာခဲ့တာ"

ဒုတိယအကြိမ်ခေါ်ပြန်သည်။ ပုဏ္ဏားဘကွန်းဆင်းလာခြင်းမရှိ။ အခန်းထဲ၌သာနေသည်။ ပုဏ္ဏားဘကွန်းသည်ဖိုးတုတ်၏စိန်ခေါ်မှုကြောင့် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားလေသည်။ ဖိုးတုတ်ကို ရင်ဆိုင်လျှင် လောလောဆယ် မားချက်ကြောင့် အသက်ပျောက်သွားနိုင်သည်။

"ပုဏ္ဏားအောက်ကို ဆင်းခဲ့လေဗျာ။ ကျုပ်တစ်ယောက်တည်း လာတယ်။ ခင်ပျားတစ်ယောက်တည်းဆင်းခဲ့။ ခင်ပျားနဲ့သေသွားစမ်းရအောင်"

ဘယ်လိုပင်ခေါ်ပေမယ့် ပုဏ္ဏားဘကွန်းဆင်းလာခြင်းမရှိ။

"ခင်ပျားကြီးက လူမိုက်ပုဏ္ဏားမှမဟုတ်ဘဲ။ ဆန်တောင်းတဲ့ပုဏ္ဏား။ လမ်းမတော်အပိုင်မှာ လူမိုက်က ခင်ပျားမဟုတ်တော့ဘူး။ ကျွန်ဖြစ်သွားပြီ။ ဒီကနေစပြီး ကျုပ်နာမည် လမ်းမတော်ဖိုးတုတ်"

ထိုကဲ့သို့ပြောပြီးနောက် ဖိုးတုတ်သည် (၁၁) လမ်းထဲက ခပ်အေးအေးထွက်ခဲ့လေသည်။

၎င်းဖြစ်စဉ်သတင်းမှာ လမ်းမတော်နယ်မြေတွင် ချက်ချင်း ပြန့်ကားသွားသည်။ တစ်ဆင့်စကားတစ်ဆင့် ကြားသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမ တော်ဖိုးတုတ် နာမည်ကြီးလူမိုက်ကြီးပုဏ္ဏားဘာကွန်းကို စိန်ခေါ်သည်။တပည့်လူမိုက်များပေါသည့်လူတစ်ယောက်ကိုစိန်ခေါ်တာကိုယ့်သေတွင်းကိုယ်တူးတာပဲဟု တချို့ကပြောဆိုကြသည်။ တချို့က ဖိုးတုတ်ကို ဂုဏ်ယူကြသည်။ ဖိုးတုတ်လုပ်ရပ်က မှန်သည်ဟု မှတ်ချက် ပေးကြသည်။

အချိန်တိုအတွင်းမှာ ဖိုးတုတ်သည် လူမိုက်လောကတွင် နာမည်ကျော်လူမိုက်ကြီးတစ်ယောက်အဖြစ် ရပ်တည်လာသည်။ လမ်းမတော်လူမိုက်ကြီးပုဏ္ဏားဘာကွန်းနှင့် အခြားလူမိုက်များ လမ်းမတော်နယ်တွင် ပျောက်ကွယ်သွားကြသည်။

အလားတူ တခြားနယ်ပယ်မှ လူမိုက်များသည် တက်သစ်စလူမိုက်ဖိုးတုတ်ကို သတိထားလာသည်။ ဖိုးတုတ် ၎င်းတို့ကို အယ်အချိန် လာရောက် စိန်ခေါ်မလဲဆိုတာတွေးပြီး စိုးရိမ်နေကြသည်။ နာမည်ကြီးလူမိုက်များ သိနေတာက ဖိုးတုတ်၏ဓားစွမ်းသည် အလွန်ကြောက်စရာ ကောင်းသည်ဟု ထင်မှတ်နေသည်။



## အခန်း(၃)

ဖိုးတုတ်နာမည်ကြီးနေသည်ကိုဗိုလ်တထောင်နှင့်ကျောက်တံတားလူမိုက်ကြီးမတ်စတီးခန်းတို့လူတစ်သိုက် စိုးရိမ်နေကြချိန်တွင် နောက်ထပ်လူမိုက်ကြီးတစ်ယောက်ထွက်ပေါ်လာသည်။ထပ်မံထွက်ပေါ်လာသည့်လူမိုက်သည် ဗိုလ်တထောင်နယ်က ငမိုးပင်ဖြစ်သည်။

ငမိုးသည် ကုလားလူမိုက်မတ်စတီးခန်းကို တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်လေသည်။ ငမိုးသည် ငယ်စဉ်ကလေးဘဝတည်းက ဆိုးပေသူတစ်ယောက်ဖြစ်သည်။ငမိုးသည် နာမည်ကျော်လူမိုက်ကြီးမတ်စတီခန်းကိုနှိမ်နင်းရန်ဆုံးဖြတ်လိုက်သည်။မတ်စတီခန်း၏နောက်



www.burmeseclassic.com

www.burmeseclassic.com



ရုံးမာမွတ်ကို ဖိုးတုတ်လက်စွမ်းပြမှုကြောင့် လူမိုက်လောကမှာ မရှိတော့ပေ။

တစ်နေ့သောညနေတွင် လူမိုက်ကြီးမတ်စတီခန်း၏တပည့်များသည်ဗိုလ်တထောင်ဘုရားပွဲမှာ လာရောက်ကြီးစိုးနေသည်။ မတ်စတီးခန်းတပည့်များကိုကြောက်နေရ၍ ပွဲတော်ကို ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်မဆင်နွှဲရဲအောင်ဖြစ်နေကြသည်။

ငှင်းကိစ္စအတွက် ငမိုးမှာ မကျေမနပ်ဖြစ်နေသည်။ ဘုရားပွဲမှာ လွှမ်းမိုးနေသည့် လူမိုက်တွေကို ရှင်းထုတ်ရန် ဆုံးဖြတ်လိုက်လေသည်။ မတ်စတီခန်းတပည့်များ ဓားကိုယ်စီနှင့် ဗိုလ်ကျနေချိန်တွင် ငမိုး အနောက်ကရောက်ရှိလာသည်။

"ကျွန်နောက်လိုက်ခွေးတွေ သေပေတော့"

"ရော့"

"ရှမ်း...ရှမ်း"

ပြောဆိုပြီးသည်နှင့် ငမိုးသည် မတ်စတီခန်း၏ တပည့်လူမိုက်များကို ဓားဖြင့်ခုတ်ပိုင်းလိုက်သည်။ လူမိုက်သုံးယောက်သည် ငမိုး၏ဓားချက်အောက်တွင်အသက်ပျောက်လုနီးပါးခံလိုက်ရသည်။

ကျန်သူများသည် ငမိုးကို ဝင်ရောက်တိုက်ခိုက်ခြင်းမရှိ၊ ကိုယ်လွတ်ထွက်ပြေးကုန်ကြသည်။





"ဟော့...ကျွန်နောက်လိုက်ခွေးတွေ။ မင်းတို့ဆရာ မတ်စတီးခန်းကို ပြောလိုက်။ ဒါငမိုးနယ် ပြောလိုက်။ ငါ့နာမည် ဗိုလ်တထောင်ငမိုးတဲ့။ ဗိုလ်တထောင်နယ်မှာ မင်းတို့ကိုမမြင်ချင်ဘူး။ ငါ့ဓားက နေရာမရွေးဘူးလို့ပြောလိုက်"

ထိုသို့ပြောပြီးနောက်ဗိုလ်တထောင်ငမိုးသည် ငှင်းနေရာမှ အေးဆေးစွာထွက်ခွာသွားသည်။ မတ်စတီးခန်း၏တပည့်များသည် ဒဏ်ရာနှင့်လဲကျနေသူများကိုကောက်ယူပြီး ထွက်သွားကြလေသည်။

မတ်စတီခန်း၏ တပည့်များသည် ထိုအချိန်မှစ၍ ဗိုလ်တထောင်နယ်မြေကို လာရောက်ခြင်းမရှိတော့သည့်အတွက် ဗိုလ်တထောင် နယ်မြေတွင်းရှိ နေထိုင်သူများ အေးချမ်းစွာလုပ်ကိုင်စားသောက်ကြပေသည်။

**မှတ်ချက်**

*(ဗိုလ်တထောင်ငမိုး၏အကြောင်းကို လမ်းမတော်ဖိုးတုတ်အပြီးတွင်ဆက်လက်ရေးသားပြီးဖြစ်၍ဗိုလ်တထောင်ငမိုး၏ဘဝနှင့် ဖြတ်သန်းရသောဘဝများကို အသေးစိတ် မဖော်ပြတာကို နားလည်ပေးကြပါ။ ဗိုလ်တထောင်ငမိုး၏အကြောင်းကိုသီးသန့်ရေးသားထားပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ်နှင့်အပြိုင် ထွက်ပေါ်လာသည့် ဗိုလ်တထောင်ဝမိုး၏အခွမ်းက အလွန်ထက်သည်ဆိုသည့်သတင်းစကားကို လမ်းမတော်ဖိုးတုတ် ကြားနေရသည်။

ထိုခေတ်က ရန်ကုန်မြို့၏ရပ်ကွက်အသီးသီးတွင် တစ်ဗိုလ်တစ်မင်း စိုးမိုးမင်းမူနေကြသည့် ရပ်ကွက်လူမိုက်များ ရှိကြသည်။ ကိုယ့်နယ်မြေနှင့်ကိုယ် သတ်မှတ်ပြီး လူမိုက်ဘွဲ့ခံ၍နေထိုင်ကြသည်။ နယ်ကျော်လာသည့် လူမိုက်သည် ပြန်လမ်းမရှိ၊ ထိုနေရာ၌သာ ပျောက်ကွယ်သွားကြလေသည်။

## အခန်း(၈)

လမ်းမတော်ဖိုးတုတ်ကတော့ လူမိုက်များကို လွှမ်းမိုးနိုင်သည့် လူမိုက်တစ်ယောက်ဖြစ်သည်။ နာမည်ကြီးလူမိုက်တစ်ယောက် ပေါ်ပေါက်လာလျှင် စိန်ခေါ်ပြီး ရှင်းလေ့ရှိသည်။ အားလုံးထက် ဖိုးတုတ်က မိုက်သည်ဟု ထင်မှတ်နေကြသည်။

ဖိုးတုတ်သည် ဓားရှည်တစ်ချောင်းကို ခါးမှာထိုး၍ ထွက်လာသည်။ အားလုံးက ဖိုးတုတ်တစ်ခုခုလုပ်တော့မည်ဆိုတာကို သိနေကြသည်။

ဖိုးတုတ်၏ တပည့်များက လာရောက်ပြောကြသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တထောင်ငမိုးက ခါးစွမ်းထက်သည်ဟုပင်ဖြစ်သည်။ ၎င်းတို့ပြောစကားများကို ဖိုးတုတ် ဂရုစိုက်ခြင်းမရှိ၊ မဆိုင်သလိုသာ နေသည်။

"ဆရာကြီး ဗိုလ်တထောင်ငမိုးခါးစွမ်းက ထက်တယ်လို့ ပြောသံကြားတယ်"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့ သူ့ကိုပဲ ကြောက်နေကြရတယ်"

"ခါးခုတ်တော်တယ်၊ သူနဲ့တွေ့သူဟာ အသက်မရှင်တော့ဘူး"

ဘယ်လိုပင်ပြောပေမယ့် ဖိုးတုတ်ခပ်အေးအေးသာ နားထောင်နေသည်။ ဗိုလ်တထောင်ငမိုးဟာ သူနှင့်မဆိုင်သူဟုထင်နေသည်။

ယခုတော့ လမ်းမတော်ဖိုးတုတ် ခါးခါးထိုးပြီး ထွက်သွားသည်။

"ဆရာ ဘယ်သွားမလို့လဲ၊ ကျွန်တော်တို့ လိုက်ခဲ့မယ်"

"မင်းတို့နဲ့မဆိုင်ဘူး၊ ငါ့ကိစ္စ ငါရှင်းမယ်"

ပြောဆိုပြီး ဆက်လက်ထွက်ခွာသွားလေသည်။ တပည့်များသည် ပြောစကားကို နားထောင်၍ အနောက်ကလိုက်ရဲခြင်းမရှိ။





ဖိုးတုတ် သည် ကိစ္စတစ်ခုကို ဖြေရှင်းရာတွင် မည်သည့်တပည့်များကိုမှ အဖော် ခေါ်ဆောင်လေ့မရှိ၊ တစ်ယောက်တည်းသွားလေ့ရှိသည်။

လူမိုက်ဆိုသည့်ဘွဲ့ကိုစတင်ခံယူစဉ်က မည်သူတစ်ဦးတစ်ယောက်မှ အဖော်ခေါ်ပြီး လုပ်ဆောင်ခဲ့တာမဟုတ်သည့်အတွက် တပည့်အားကိုးနှင့် မိုက်နေသည်ဟု ပြောဆိုခံရမည်ကိုလည်း မလိုလားပေ။

လမ်းမတော်ဖိုးတုတ်တစ်ယောက်တည်းသွားတာကို တွေ့ရတော့ လူမိုက်တစ်ချို့တုန်လှုပ်နေကြသည်။ အဓိက ကြောက်နေသည့်က ပန်းဆိုးတန်းလမ်းအပိုင် လူမိုက်ကြီး မတ်စတီးခန်း ဖြစ်သည်။ ဖိုးတုတ် ငါ့ကို......စိန်လာခေါ်မလား....ဟု တွေးရင်း စိုးရိမ်နေသည်။

ဖိုးတုတ်သည် ၎င်း၏ရင်းနှီးဆုံးမိတ်ဆွေကြီး လမ်းမတော် လူမိုက်ကြီး ပုဏ္ဏားဘကွန်းကို စိန်ခေါ်လိုက်လို့ ပုဏ္ဏားဘကွန်းဟာ ဆန်တောင်းပုဏ္ဏားဟု အပြောခံလိုက်ရသည်။ မတ်စတီးခန်းသည် ၎င်း၏ တပည့်များကို လမ်းမတော်ဖိုးတုတ် ဘယ်ကိုသွားသည်ဆိုတာအနောက်က လိုက်ကြည့်ခိုင်းသည်။

လမ်းမတော်ဖိုးတုတ်ကို ရန်မစကြရန် မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့ကြောင့် သူ့အပေါ်စိန်ခေါ်မှု ဖြစ်လာမှာကို စိုးရိမ်နေသည်။

မတ်စတီးခန်းတပည့်များသည် မှာတာကို ဂရုမစိုက်။ ဖိုးတုတ် ကို စိန်ခေါ်သလို အပြုအမူမျိုး လုပ်လိုက်လေသည်။

"အစ်ကိုကြီး ဘယ်နယ်ကို ကျော်သွားမလို့လဲ"

မေးလာသူကို တစ်ချက်ကြည့်လိုက်သည်။ သွားရာလမ်းကို အနှောက်အယှက်ပေးသလိုဖြစ်သွားသည်။

"ဟာ...ခွေးမသား ဒေါ့ပေတော့"

"ရှော့"

"ရှမ်း"

"အမယ်လေးဗျာ"

လမ်းမတော်ဖိုးတုတ်သည် ခါးမှာထိုးထားသည့်ဓားနှင့် ရုတ်တရက်ခုတ်လိုက်လေသည်။ ရင်ဘတ်ကိုပြတ်သွားသည်။ သွေးများထွက်ကျလာသည်။

"မင်းတို့ဆရာကိုပြောလိုက်။ မဆိုင်တာရှုပ်ရင် ဖိုးတုတ်က ဒီ့ထက်ဆိုးအောင်လုပ်တတ်တယ်လို့"

ပြောဆိုပြီး ရှေ့ဆက်လျှောက်သွားသည်။ ဖိုးတုတ်သည် ဘရုတ်ကင်း(ဘိုကလေးဈေး)လမ်းအတွင်းကို ဝင်ရောက်သွားသည်။

"ဟေး....ငမိုး...ထွက်ခဲ့စမ်းပါဦးကွ။ မင်းဓားက ထက်တယ်





ပြောလို့ ငါဗိုက်အထိုးလာခံကြည့်တာ"

ဖိုးတုတ်၏ စိန်ခေါ်မှုကြောင့် ဗိုလ်တထောင်ငမိုး ရုတ်တရက်တုန်လှုပ်သွားသည်။ ဘာလုပ်ရမှန်းလည်းမသိအောင်ဖြစ်သွားသည်။ တကယ်တော့ လမ်းမတော်ဖိုးတုတ်သည် ဗိုလ်တထောင်ငမိုးထက် ပိုမိုက်သည်ဆိုတာ သိနေသည်။ လမ်းမတော်ဖိုးတုတ်သည်တပည့်များ အလွန်ပေါများနေသည်ဆိုတာ ဘယ်လိုမှ ငြင်းပယ်မရ။ ထိုအချိန် တွင်ဗိုလ်တထောင်ငမိုးသည်ပြုံးရွှင်သောမျက်နှာနှင့် အိမ်အပေါ်ထပ် က ပြေး ဆင်းလာသည်။

"ဟာ... အစ်ကိုကြီးကလည်း မဟုတ်တာ ဒီအကြောင်းတွေကိုဘယ်သူကပြောတာလဲ"

"ငါ့နားထဲမှာ မီးနစ်ပိုင်နီးပါးကြားနေရတယ်"

"အဲဒီစကားတွေကို မယုံပါနဲ့ အစ်ကိုကြီးရာ။ ကျွန်တော်တို့ ညီအစ်ကိုကြားမှာ ဒါတွေမရှိပါဘူး။ အစ်ကိုကြီးတွေ့ချင်ရင် ခေါ်လိုက်ပေါ့။ ဘာလို့လာနေရတာလဲ"

"မင်းရဲ့ဓားအစွမ်းကြောင့် လာနေရတာပေါ့ကွာ"

"ကျွန်တော်က အစ်ကို့ညီငယ်တစ်ယောက်ပါ။ အစ်ကိုကြီး မကြိုက်တာရှိရင် ဆုံးမပါ။ ကျွန်တော်နာခံဖို့ အသင့်ရှိပါတယ်။ အစ်ကိုကြီး မပြန်ပါနဲ့ဦး။ ညီအစ်ကိုချင်း တွေ့ဆုံခိုက် တစ်ခုခုလောက်ပြုစု

www.burmeseclassic.com



ချင်ပါတယ်"

မိုးသည် မျက်နှာချိုသွေးခေါ်လေသည်။ ဖိုးတုတ်သည် ဘယ်သူခေါ်တာကိုမှ လိုက်လေ့မရှိသလို ယခုဗိုလ်တထောင်မိုး ခေါ်တာကိုလည်းမလိုက်။ အချိန်ကိုအကြောင်းပြပြီး ငြင်းဆိုလိုက်လေသည်။

တကယ်တော့... ဗိုလ်တထောင်မိုးသည် ဘယ်လိုလူ အဆုံးအမကိုမှ ခံသူမဟုတ်။ တစ်ဖွတ်ထိုးလုပ်တတ်သည်။ ဖိုးတုတ်က ၎င်းထက်ပိုမိုက်၍သာ ထိုစကားလုံးကို သုံးခြင်းဖြစ်သည်။ လူမိုက်ရာဇဝင်တွင် လမ်းမတော်ဖိုးတုတ်က တကယ်ကိုမိုက်သည်။ အမိုက်ဆုံးပါဟု နာမည်ကြီးသူတွေ ဖိုးတုတ်နှင့်ကြုံတွေ့ရလျှင် အထိနာသည်။ ဖိုးတုတ်ဆိုသူက ဘယ်သူ့ကိုမှ လျှော့မတွက်။ ရင်ဆိုင်တွေ့ကြုံလာလျှင် အရင်ဆုံးရှင်းတတ်သည်။ လူမိုက်လောကတွင် ထိုသတင်းကကြီးသည်။ ဖိုးတုတ်သည် ဗိုလ်တထောင်မိုးကိုတွေ့ပြီး ပြန်လာသည်။ ဖိုးတုတ်အပြန်တွင် ၎င်းအပိုင်ထဲက ရထားလုံးတစ်စီးနှင့် ပို့ခိုင်းလိုက်လေသည်။



## အခန်း(၉)

လမ်းမတော်ဖိုးတုတ်ကတော့ တပည့်များနှင့် ပျော်ရွှင်နေသည်။ လမ်းမတော်ဖိုးတုတ်သည် လူမိုက်လောကတွင် အလွန်အရှိန်အဝါကြီးလာလေသည်။

ရန်ကုန်မြို့လူမိုက်များသည် ကိုယ့်နယ်မြေနှင့်ကိုယ် သတ်မှတ်ပြီး လူမိုက်ဘွဲ့ကိုခံ၍ နေထိုင်ကြသည်။ ထိုကဲ့သို့ရှိခဲ့ကြသည့် လူမိုက်များသည် လမ်းမတော်ဖိုးတုတ်ခေတ်ကို ရောက်လာသောအခါတွင် အားလုံးနီးပါး လမ်းမတော်ဖိုးတုတ်ထံ ရောက်ရှိလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လမ်းမတော်ဖိုးတုတ်က လမ်းမတော်အပိုင်တွင် မဟုတ်ဘဲ ရန်ကုန်တစ်မြို့လုံးကို စိုးမိုးနိုင်သူဖြစ်လာလေသည်။

ထို့အတူ လမ်းမတော်ဖိုးတုတ်မှာ လက်ဖျားငွေသီးလာသည်။ ဘာမဆိုလိုတရသူလည်းဖြစ်လာသည်၊ လမ်းမတော်ဖိုးတုတ်၏လစာဝင်ငွေသည်..........မှတစ်ပါးမည်သူမှအတိအကျမပြောနိုင်အောင်ဖြစ်နေရသည်။

လမ်းမတော်ဖိုးတုတ်၏တစ်လဝင်ငွေကို အနီးကပ်ဆုံး ခန့်မှန်းရလျှင် တစ်လသုံးထောင်ထက် နည်းမည်မဟုတ်။ လမ်းမတော်ဖိုးတုတ်၏ အပိုင်တွင် လောင်းကစားဝိုင်းကြီးတွေ နေ့စဉ်လုပ်သည်။ ဟိုတယ်များ၊ အိမ်းခန်းအသေးအကြီးပေါင်းစုံနှင့် ကုန်စိုကုန်ခြောက်အကြီး အကျယ်အရောင်းအဝယ်လုပ်သည့် ပွဲရုံကြီးများ၊ မြန်မာတစ်ပြည်လုံး အရက်နှင့်အဖျော်ဆိုင် လုပ်ငန်းကို ချုပ်ကိုင်ထားသည့် လိုင်စင် ..................ကြီးများ၊

သိမ်ကြီးဈေး၊ သံဈေးလို အရောင်းအဝယ်ဖွံ့ဖြိုးသည့် လုပ်ငန်း များလည်းပါဝင်သည်။ ၎င်းလုပ်ငန်းတွေက ရရှိသည့် ဆက်ကြေးဝင်ငွေအပြင် ကြည့်မြင်တိုင် စက်ဆန်းပြေးဆွဲနေသည့် ဘတ်စ်ကားများ၊ ဟိုတယ်နှင့်ကဲစားဝိုင်းများတွင် ဂိတ်တိုးသည်ထက် စီစတန်းများထံမှလည်းနေ့စဉ် ဆက်ကြေးရသည့်အခြားအမည်မဖော်





နိုင်သည့် လုပ်ငန်းအမျိုးမျိုးကလည်း လစဉ်ရသည့်ဝင်ငွေများလည်း ရှိနေသည်။

တစ်လကို သုံးထောင်ကျော်ရသည့် ဝင်ငွေမှာ ဖြစ်နိုင်လောက်ပေသည်။ ၎င်းငွေများသည် လမ်းမတော်ဖိုးတုတ် တစ်ယောက်တည်းရသည်မဟုတ်။ ပေးရတာလည်း ရှိသေးသည်။

လမ်းမတော်ဖိုးတုတ်သည် တပည့်များစွာရှိသည်။ ၎င်းတပည့်များ၏စားဝတ်နေရေးကို တာဝန်ယူပေးရသည်။ လမ်းမတော်ဖိုးတုတ် က ဆက်ကြေးရသလို ပြန်ပေးရသည့်ဆက်ကြေးအမျိုးမျိုးလည်း ရှိနေသည်။

ထိုအထဲမှာ ရာဇဝတ်မှုများလိုက်ရာတွင် နာမည်ကြီးရှေ့နေကြီးပန်ကာဦးအေးကိုအမှုလိုက်ခံအပြင်ဥပဒေရေးရာကိစ္စအကြံပေးရသည့်အတွက် လစဉ်ပုံမှန်ဝင်ငွေလည်း ပေးနေရသည်။

သည်ကြားထဲ လမ်းမှာ လူတစ်ယောက်က အင်္ကျီအဝတ်အစား ဆုတ်ပြဲနေရင် ဆိုင်ခေါ်ပြီးဝယ်ပေးတာလည်းရှိသည်။ ထိုသို့ပြုလုပ်တာဟာ လမ်းမတော်ဖိုးတုတ်နှင့် ရင်းနှီးလို့ မိတ်ဆွေဖြစ်လို့ ဝယ်ပေး တာမဟုတ်။ သိသိ မသိသိ ဝယ်ပေးသည်။

အများက လမ်းမတော်ဖိုးတုတ်သည် လူမိုက်မဟုတ်။ လူကောင်းဟုပြောကြသည်။ စီးပွားရေးသမားနှင့် လူမိုက်များသာ လမ်း



www.burmeseclassic.com

www.burmeseclassic.com



မတော်ဖိုးတုတ်သည် အလွန်ကျော်ကြားသည့် လူမိုက်ခေါင်းဆောင်ကြီးဟု ပြောကြသည်။

ဘယ်သူတွေဘာပြောပြော ဖိုးတုတ်ကတော့ ဖိုးတုတ်ပဲ လုပ်စရာရှိတာကို လုပ်တတ်သည်။ ဖိုးတုတ်သည် တပည့်များကို ထားခဲ့ပြီး သူငယ်ချင်းမိတ်ဆွေများလာအခေါ်ကိုစောင့်ဆိုင်းနေသည်။ ဖိုးတုတ်သည်သူငယ်ချင်းများနှင့်တွေ့ဆုံသောက်စားပျော်ပါးရတာကို အလွန် နှစ်သက်သည်။

"ဖိုးတုတ်ကြီး ဖိုးတုတ်ကြီး"

"လာပါပြီဗျာ ကိုခင်မောင်ရင် ပါသေးလား"

"လိုက်လာပါမယ်ဗျာ"

လမ်းမတော်ဖိုးတုတ်သည် ယူစရာရှိတာကို ယူနေသည်။ ယခုလမ်းမတော်ဖိုးတုတ်ကို လာရောက်ခေါ်သူဟာ ကျော်စိုး၊ ရုပ်ရှင်မင်းသား ကျော်စိုးဖြစ်သည်။

ရုပ်ရှင်မင်းသား ကျော်စိုးသည် ရုပ်ရှင်ရိုက်ပြီးသည်နှင့် လမ်းမတော်ဖိုးတုတ်ကို လာခေါ်သည်။ လမ်းမတော်ဖိုးတုတ်၏ မိတ်ဆွေများမှာရုပ်ရှင်မင်းသားကျော်စိုး၊ ခင်မောင်ရင်၊ ဇာတ်မင်းသား ရွှေကျီးညိုတို့ ဖြစ်သည်။ အခြားအနုပညာနယ်က သူများလည်း ရှိသေးသည်။ ၎င်းတို့သုံး ယောက်ကတော့ နေ့စဉ်တွေ့ ကြသည်။





သောက်စားပျော်ပါးကြသည်။

"ကိုကျော်စိုး ဘယ်သွားမလဲ"

"ဗိုမိုင်ခြံသွားမလား၊ ပန်းဆိုးတန်းသွားမလား"

"ကိုခင်မောင်ရင်က ပန်းဆိုးတန်းလာမယ်ပြောသွားတယ်"

"ကောင်းတယ်ဗျာ"

လမ်းမတော်ဖိုးတုတ်တို့သည် ပန်းဆိုးတန်းဘက်ကို ထွက်လာကြသည်။ ပန်းဆိုးတန်းနန်းသီတာဆိပ်ကမ်းတွင်အရက်သောက်ပျော်ပါးနေကြများဖြစ်သည်။ ၎င်းတို့သည်ညဥ့်အတော်နက်မှအိမ်ပြန်ကြသည်။ တစ်ခါတစ်ရံ မိုးလင်းသွားတာတွေလည်းရှိနေသေးသည်။ ထို ညတော့ နန်းသီတာဆိပ်ကမ်းမှာ အရက်သောက်ပြီး ရန်ကုန်မြစ်ထဲမှာ သင်္ဘောစီးပြီး လေညှင်းခံရန် စီစဉ်ထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုးတုတ်၏မိတ်ဆွေရုပ်ရှင်မင်းသားကျော်စိုး

## အခန်း(၁၀)

ထိုနေ့ညက ရုပ်ရှင်မင်းသားကျော်စိုး၊ ခင်မောင်ရင်၊ ရွှေကျီး ညိုတို့နှင့် အရက်သောက်ကာ မိုးလင်းသွားသည်။ လမ်းမတော် ဗိုးတုတ် သည် အရက်အရှိန်ကြောင့် အခန်းထဲမှာအိပ်နေသည်။

"ဒေါက်.........ဒေါက်........."

အပြင်က တံခါးခေါက်သံ ကြားလိုက်ရသည်။ အရက် ကြောင့် ခေါင်းမထောင်ချင်ပေမယ့် ခေါင်းထောင်လိုက်ရသည်။ နိုင်စိတ်လည်းဖြစ်ပေါ်လာသည်။ တပည့်များဘယ်သူနှင့်ပြဿနာ တက်လာ ပြန်ပြီလဲဟု တွေးလိုက်သည်။ ရုတ်တရက် ထထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်သူလဲ"

"အစ်ကို ကျွန်တော်ဘသိန်းပါ။ တံခါးဖွင့်ပါဦး"

"ဟော့ကောင်တွေ ခေါ်ခဲ့တော့"

လမ်းမတော်ဖိုးတုတ်သည် ညီဖြစ်သူအသံကြားလိုက်ရ၍ အခန်းတံခါးကိုဖွင့်လိုက်သည်။ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ရုတ်တရက် ဘာမှန်းမသိအောင်ဖြစ်သွားသည်။

လမ်းမတော်ဖိုးတုတ်၏ တပည့်များသည် မိန်းမပျိုတစ်ယောက်ကို အတင်းဆွဲခေါ်ထားသည်။ ဘာမဆိုင်ညာမဆိုင်နှင့် ဖိုးတုတ် အခန်းထဲကို တွန်းပို့လိုက်သည်။

"ဟော့ ...ဟော့ကောင်တွေ ဒါဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ။ အဲဒါ အစ်ကို့ရဲ့ထာဝရကြင်ဖော်ကြီး။ ကြိုက်သလိုသာ ဆွေးနွေးပေတော့"

"ဝုန်း"

ကျယ်လောင်သည့်အသံနှင့်အတူ အခန်းတံခါးကို ဆွဲပိတ်လိုက်သည်။ ထို့နောက်အပြင်ကသော့ခတ်သံကို ကြားလိုက်ရသည်။ ရင်းတို့ကို ဘယ်လိုခေါ်ပေမယ့် တစ်ယောက်မှမရှိကြတော့ပေ။ ဘသိန်းနှင့်တပည့်များ ခေါ်လာသူက တခြားလူမဟုတ်၊ မသင်းမြ





ဖြစ်နေသည်။ မသင်းမြမိခင်နှင့် လမ်းမတော်ဖိုးတုတ်၏မိခင်သည် အလွန်ရင်းနှီး သည်။ မသင်းမြမိခင်သည် လမ်းမတော်ဖိုးတုတ် မိခင်ကိုလိုအပ်သည့် အကူအညီများပေးသည်။

ယခုကိစ္စတွင် ဖိုးတုတ်ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေသည်။ အမှန်တော့ လမ်းမတော်ဖိုးတုတ်သည် မသင်းမြကို ချစ်နေသည်။ ကျေးဇူးရှင်များဖြစ်နေ၍ ဘာလုပ်ရမှန်းမသိပေ။ ညီဖြစ်သူတဘယ်နှရက်လောက်ကို အခန်းထဲမှာ ထားမှန်းမသိ။ မသင်းမြကို သူ့ မိဘထံ ပြန်ပို့လိုက်ရင် ပတ်ဝန်းကျင်က ဘယ်လိုမြင်နေမလဲ။ မိခင်ကရော လူမဟုတ်တဲ့ အကောင်ဆိုပြီး ဆူပူကြိမ်းမောင်းနေလေား......။

လမ်းမတော်ဖိုးတုတ်သည် မိခင်ကိုအလွန်ချစ်သည်။ ရှိသေသည်။ အမေမျက်နှာညှိုးမှာ လူတကာပြောမှာကို မလိုလား။ မသင်းမြနှင့်ပတ်သက်ပြီး ဘယ်လိုစဉ်းစားရမလဲ။ မသင်းမြကတော့ ကုတင်ပေါ်ရှိုက်ငိုနေသည်။

"မသင်းမြဘာလိုငိုနေရတာလဲ။ ဘယ်သူ့ကိုကြောက်လို့လဲ"

"ငါက ဘယ်သူ့ကိုကြောက်ရမှာလဲ။ ငါ့ကို အတင်းဆွဲခေါ်[illegible]တာကို မကျေနပ်လို့ပေါ့။ သေနာကောင်ရဲ့ နှင့်အကြံက ဘာကြံလဲ...."

www.burmeseclassic.com



"ငါ အဲဒီလိုမကြံမိပါဘူး မသင်းမြရာ၊ ငါ့အကြောင်းလည်း နင်.... သိနေတာပဲ"

မသင်းမြသည် မကျေနပ်တဲ့အကြည့်နှင့် ကြည့်နေသည်။ ညီ ဖြစ်သူ ဘသိန်းနှင့် တပည့်များက မသင်းမြအိမ်အောက်ကို ဆင်းလာချိန်မှာ ကားပေါ်အတင်းဆွဲတင်ပြီး လမ်းမတော်ဖိုးတုတ် အခန်းကို လာ ရောက်ပို့ခြင်းဖြစ်သည်။

လမ်းမတော်ဖိုးတုတ်သည် မသင်းမြကို စိတ်ဝင်စားသည်။ သို့သော် ချစ်သည်ဟု ပြောဆိုခြင်းမရှိ။ မသိဟန်ဆောင်၍သာ နေသည်။ ယခု အခန်းထဲရောက်ရှိလာပြီဆိုတော့...

ဘကယ်တော့ လမ်းမတော်ဖိုးတုတ်သည် လူတစ်ယောက်ကို သတ်ရဲသည်။ ရိုက်ရဲသည်။ အချစ်နှင့်ပတ်သက်လာရင် ထိုကဲ့သို့ သတ္တိမရှိ။ ဘယ်လိုမိန်းမကိုမှ ချစ်ရေးမဆို။ လမ်းမတော်ဖိုးတုတ် ပြောလာရင်လည်း နည်းနည်းနှင့် လက်စံနိုင်သည်။ လမ်းမတော် ဖိုးတုတ်သည် လမ်းမတော်တွင်သာမက ရန်ကုန်မြို့လုံးကိုပါ လွှမ်းမိုး နေသည်။ ဖိုးတုတ်နှင့်ပတ်သက်လာရင်ရင်းတို့မိသားစုတွင်သာမက ဆွေမျိုးတွေကို ပါ အေးချမ်းနိုင်သည်။

"နင်မပြောဘဲ အခုလိုဖြစ်ပါ့မလား သေမလွှမ်းရဲ့"

"ပြီးတာတွေလည်းပြီးပါပြီဟာ၊ ဘာမှလုပ်လို့မရတော့ဘူး။





ဒါနှင့်မိဘတွေကို ရှင်းပြမယ်"

"ဘာမှရှင်းပြစရာမလိုဘူး"

"မရှင်းပြလို့မရဘူးလေဟာ၊ နင့်ကိုငါက အသက်သေတဲ့အ ထိ ပေါင်းသင်းဆက်ဆံပါမယ်ဟာ"

"ဘာပြောတယ်"

လမ်းမတော်ဖိုးတုတ်သည် မသင်းမြကို စိတ်ပြေအောင် ပြောပြနေသည်။ အချိန်သည် တရွေ့ရွေ့နှင့် ကုန်မှန်းမသိ ကုန်လာ သည်။ နေလုံးကြီး ပျောက်ကွယ်၍ အမှောင်ထုများလွှမ်းမိုးနေသည်။ ၎င်းတို့ သည် ထိုအခန်းထဲတွင် ဘယ်နရက်အထိ အချိန်ကြာရမလဲ ဆိုတာ မသိအောင်ဖြစ်နေပေမယ့်။ ။

အခုတော့ လူမိုက်ကြီးလမ်းမတော်ဖိုးတုတ် လူပျိုဘဝနိဂုံး ချုပ်သွားရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးတုတ်၏မိတ်ဆွေ ရုပ်ရှင်မင်းသားခင်မောင်ရင်

## အခန်း(၁၁)

လမ်းမတော်ဖိုးတုတ်နှင့် မသင်းမြတို့ကို နှစ်ဖက်မိဘများ ကသဘောတူလိုက်ကြသည်။ လမ်းမတော်ဖိုးတုတ်၏မိဘများ အတွက် ရန်သူမရှိသလို မသင်းမြမိဘများကိုလည်း ရန်မူရဲသူ မရှိ အောင်ဖြစ်နေ သည်။

သို့သော်လမ်းမတော်ဖိုးတုတ်ကိုတော့ရန်မူသူတစ်ယောက် အနီးကပ်ရောက်ရှိလာသည်။ ၎င်းမှာ ဇနီးသည် မသင်းမြ။ မသင်းမြ သည် လမ်းမတော်ဖိုးတုတ်ကို ချုပ်ကိုင်လာသည်။

အိမ်ပေါ်တွင်ဝိုင်းဖွဲ့၍အရက်မသောက်ရ။မိန်းမမခေါ်ခင်ရ။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်အမဲ(ဝက်သား)မစားရဟု အမိန့်ထုတ်လိုက်သည်။ မသင်းမြ အမိန့်ကို လမ်းမတော်ဖိုးတုတ် လက်ခံသည်။ မသင်းမြသည် မင်းကြီး မင်းလေးညီနောင်ကိုးကွယ်သည်။ မိန်းမ မခေါ်ရဆိုသည်မှာ အခြား မိန်းမ များနှင့် ပေါင်းသင်းဆက်ဆံခြင်းမပြုလုပ်ရဟု တားမြစ်ထား သည်။

လမ်းမတော်ဖိုးတုတ်သည် မိတ်ဆွေအလွန်ပေါများသည်။ ဌာနအုပ်၊ ရာဇဝတ်၊ အင်စပတ်တော်၊ ပုလိပ်မင်းကြီးကအစ မိတ်ဆွေ များဖြစ်သည်။ ၎င်းတို့နှင့် အမြဲလို စားပွဲရုံကိုသွားသည်။

"ကိုဗညာ ထမင်းသွားစားကြရအောင်ဗျာ"

"ကျုပ်လည်း ခင်ဗျားကိုလာခေါ်တာ"

ကိုပညာဆိုတာ လသာလမ်းဌာနအုပ်ဖြစ်သည်။ ကိုပညာနှင့် လမ်းမတော်ဖိုးတုတ်တို့သည် လသာလမ်း နာမည်ကြီးထမင်းဆိုင်မှာ ထမင်းစားရန် ဆိုင်အတွင်းကို ဝင်လိုက်ကြသည်။ တရုတ်ထမင်းဆိုင် သည် ဆိုင်ကြီးဖြစ်သည်။ စားစရာများ က အလွန်ကောင်းသည်။

နစ်ယောက်သား ထမင်းမှာစားကြသည်။ ဆိုင်ပိုင်ရှင်သည် လမ်းမတော်ဖိုးတုတ်မှန်းမသိ။ စကားပြောတာ အဆင်မပြေ၍ ဒေါသ ဖြစ်နေသည်။ ဟင်းတောင်းတာကို စကားအပြောမတတ်၍ လမ်းမ တော်ဖိုးတုတ် ဒေါသဖြစ်နေသည်။ သို့သော် စိတ်ကိုထိန်းပြီးထမင်းကို





ပြီးအောင်အမြန်စားလိုက်သည်။ နှစ်ယောက်သား ထမင်းစားပြီး ပိုက်ဆံ ရှင်းရန် ဆိုင်ပိုင်ရှင်ကို ခေါ်သည်။

"ငါနင်နဲ့ စကားပြောစရာ အကြောင်းမရှိဘူး"

"ငါပြောစရာရှိတယ် လာဦး ငွေရှင်းမယ်"

"အလုပ်သမားကိုပေးလိုက်"

"အဲဒါဆို ငါလာရှင်းမယ်"

ပြောဆိုပြီး လမ်းမတော်ဖိုးတုတ်သည် ငွေရှင်းသည့်နေရာကို ထသွားသည်။ ဆိုင်ပိုင်ရှင်မျက်နှာကို သေချာကြည့်လိုက်သည်။

"ဒီလောက်လူပါးဝတဲ့ တရုတ်"

"ရော့ ...ရော့"

လမ်းမတော်ဖိုးတုတ် ဆိုင်ပိုင်ရှင်ကို လက်သီးနှင့်သုံးလေး ချက် ထိုးလိုက်သည်။ ပိုင်ရှင်သည် အနောက်ကိုလဲကျသွားသည်။ ထို့ နောက် ပိုင်ရှင်သည် လမ်းမတော်ဖိုးတုတ်ကို တုတ်နှင့်ရိုက်ရန် ထွက် လာသည်။

"ဒီလောက်သွေးတောင်းတဲ့အကောင်"

လမ်းမတော်ဖိုးတုတ်သည် အသင့်ပါလာသည့် ဓားနှင့်ထိုး ရန် ပြင်လိုက်သည်။

"ကိုဖိုးတုတ် မလုပ်နဲ့ မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုပညာသည်အနောက်ကပြေးဆွဲလိုက်သည်။ ဆိုင်ပိုင်ရှင်သည် ဖိုးတုတ်ဟုနာမည်ကြားလိုက်ရတော့ အလွန် တုန်လှုပ်သွားသည်။ ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားသည်။

"မင်း ငါ့အကြောင်းသိစေရမယ်။ ငါ့နာမည် လမ်းမတော်ဖိုးတုတ်"

ထိုသို့ပြောဆိုပြီး ထွက်သွားလေသည်။

ဆိုင်ပိုင်ရှင်သည် လမ်းမတော်ဖိုးတုတ်ကို မျက်မြင်တွေ့လိုက်ရ၍ အလွန်အံ့ဩတုန်လှုပ်သွားပေမယ့် ကျေနပ်မှုမရှိအောင်ဖြစ်နေသည်။ တရုတ်ထမင်းဆိုင်ပိုင်ရှင်သည် လမ်းမတော်ဖိုးတုတ်ကို ပုလိပ်ကို တိုင်ရန် ဆုံးဖြတ်လေသည်။

လမ်းမတော်ဖိုးတုတ်ကတော့ ဂရုမစိုက်သလိုနှင့် ၎င်းကို မလေးမစားလုပ်သူများကို ထိုက်တန်သည့်ပြစ်ဒဏ်များ ပေးလေ့ရှိသည်။ လမ်းမတော်ဖိုးတုတ်၏ အကြောင်းမသိသူ ထမင်းဆိုင်ပိုင်ရှင်က ဖိုးတုတ်အကြောင်းကို မသိသူအတွက်တော့ စိုးရိမ်စရာအကြောင်းတစ်ခု ဖြစ်လာသည်။ လမ်းမတော်ဖိုးတုတ်နှင့်အတူ ထမင်းလာစားသည့် လသာလမ်းဗွာနအုပ် ကိုပညာက လမ်းမတော်ဖိုးတုတ်ကို ချော့မော့ပြီး ဆိုင်အပြင်ကိုခေါ်ထုတ်သွားလေသည်။

"ဟော့ကောင်.... မင်းသတိထားပြီးနေ"





ဟုဆိုင်အပြင်မှထိုကဲ့သို့ပြောဆိုသွားလေသည်။ ဆိုင်ပိုင်ရှင်သည်လမ်းမတော်ဖိုးတုတ်အပေါ်မကျေနပ်ချက်များဖြစ်ပေါ်နေသည်။

လမ်းမတော်ဖိုးတုတ်၏တပည့်များသည် ထမင်းဆိုင်ပိုင်ရှင်ကိုဒေါသထွက်နေသည်။ ထမင်းဆိုင်ကိုဒုက္ခပေးရန် ရည်ရွယ်လာကြသည့်တပည့်များသည် ဆရာကို မလေးမစားပြုလုပ်တာကို ခံပြင်းနေကြသည်။

လမ်းမတော်ဖိုးတုတ်လက်အောက်ခံ လသာလမ်း လူမိုက်ကြီးက ထမင်းဆိုင်ပိုင်ရှင်ကိုဒုက္ခပေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။ လသာလူမိုက်သည်ထမင်းဆိုင်ထဲကိုဝင်ရောက်ပြီးပြဿနာရှာသလိုဆိုင်အတွင်းပစ္စည်းများကို ရိုက်ခွဲပစ်လိုက်သည်။ ဆိုင်ပိုင်ရှင်ကိုပြင်းထန်သည့်ဒဏ်ရာများကိုရအောင်ပြုလုပ်သွားသည်။ ဆိုင်ပိုင်ရှင်သည်လသာလမ်းလူမိုက်၏ရိုက်ချက်ကြောင့်ဆေးရုံကိုပို့လိုက်ရပေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



ဗိုးတုတ်၏မိတ်ဆွေ ဗိုလ်မိုးကြိုး

## အခန်း(၁၂)

ထမင်းဆိုင်ပိုင်ရှင်ကို ဆေးရုံရောက်အောင် ပြုလုပ်လိုက်သည်မှာ လမ်း မတော်ဗိုးတုတ်ကြောင့်ဟု ထင်မှတ်နေကြသည်။ ဆွေကြီးမျိုးကြီး ထမင်းဆိုင်ပိုင်ရှင်၏ မိသားစုများက လမ်းမတော်ဗိုးတုတ်၏ဇနီး မသင်းမြထံ လာရောက်ပြီးအကူအညီပေးထိန်းသိမ်းပေးရန် ပြောကြားသွားသည်။ လူချင်းရင်နှီးနေသည့် မသင်းမြက လမ်းမတော်ဗိုးတုတ်ကို သူ့ဆရာများမှတစ်ဆင့် ဆုံးမပေးပါမည်ဟု ပြောပြလိုက်လေသည်။

ထိုအချိန်တွင် မသင်းမြသည် လမ်းမတော်ဗိုးတုတ်၏ဆရာ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်သည့်ဦးဆင်၊ ဦးသင်း၊ ဦးအောင်ဒွန်း၊ ဦးဘော်မျိုးရှုတို့ကို သွားရောက်ခေါ်ပြီး ဆုံးမခိုင်းလေသည်။ ထမင်းဆိုင်ပိုင်ရှင် ဆေးရုံရောက်အောင် လမ်းမတော်ဖိုးတုတ် မလုပ်ပေမယ့် လုပ်သည်ဟု ဝန်ခံသွားလေသည်။

တကယ်တော့ လမ်းမတော်ဖိုးတုတ်သည် ခေါင်းဆောင်ကောင်းတစ်ယောက် ပီသသည်။ လက်အောက်ခံတပည့်များ ကျူးလွန်ခဲ့သည့်အမှားများကို တပည့်များထံ အရောက်မခံ။ ၎င်း၏လုပ်ရပ်ဟု သာ ပြောဆိုလေ့ရှိသည်။

"မောင်ဖိုးတုတ်"

"ခင်ဗျာ ဆရာကြီး"

"အခုလို လုပ်တာဟာ မကောင်းပါဘူးကွာ။ လူကြီးလူကောင်း မဆန်ဘူး။ မင်းအတွက် အကျိုးမရှိသလို သူ့အတွက် အများကြီး အကျိုးယုတ်ပါတယ်ကွာ"

"အစ်ကိုဆင်ပြောတာမှန်တယ်။ သူ့အလုပ်သူလုပ်နေတာလေ။ မောင်ဖိုးတုတ်နဲ့ ဘာမှမဆိုင်ပါဘူး။ လူအများကြီးနဲ့ဆက်ဆံနေရတာ တစ်ခါတစ်လေတော့ ဒေါသဖြစ်မိမှာပေါ့။ ဒါကို မောင်ဖိုးတုတ်နားလည်ပေးရမယ်လေ"

"ကိုကြီးဆင်နဲ့ ကိုကြီးသင်တို့ပြောသလိုပဲ။ မင်းဒေါသနဲ့



လုပ်ပြီးရင် ပြီးပြီပေါ့။ နောက်ထပ်.... ဘာမှ အနှောင်အဖွဲ့တွေ မထားရဘူး။ ထားမိတာနဲ့ မှားလာမှာပဲ။ ဦးလေးပြောချင်တာက ဘယ်အရာမဆို စဉ်းစားပြီးမှ လုပ်ပါ....။ မင်း...အခုလို လုပ်လိုက်တော့ ဒီက မသင်းမြနဲ့ မင်းအမေတို့အတွက်.... ဘယ်လောက် မျက်နှာပျက်ရမလဲ....။ မသင်းမြဟာ မင်းကြောင့်..... နေ့စဉ်နဲ့အမျှ စိုးရိမ်ပူပန်မှုတွေ ရှိနေမလဲ"

"ဟုတ်ပါတယ် ဦးလေးတို့ရယ်...။ လူမိုက်မယား သောကများဖြစ်နေရတယ်"

လမ်းမတော်ဖိုးတုတ်သည် ဆရာသမားများ၏ ဆုံးမမှုကို ခေါင်းငိုက်နားထောင်နေသည်။ အလားတူ ဇနီးသည် မသင်းမြပြောသ မျှကိုလည်း တုံ့ပြန်ခြင်းမရှိ။ တကယ်တော့ လမ်းမတော်ဖိုးတုတ်နှင့် မသင်းမြက တစ်လတည်းမွေးဖွားပြီး မသင်းမြထက် လမ်းမတော်ဖိုးတုတ်က ခုနစ်ရက်ပိုကြီးသည်။ မသင်းမြသည် လမ်းမတော်ဖိုးတုတ်ကိုလူကောင်းတစ်ယောက်ဖြစ်စေချင်သည့်အတွက်ကြောင့် အမြဲလို အလှူအတန်းများ ပြုလုပ်အောင်တိုက်တွန်းလေ့ရှိသည်။ မသင်းမြပြောသမျှကို လက်ခံပြီးလုပ်လေ့ရှိသည်။

"ဟုတ်ကဲ့ပါ ကျွန်တော် အဲဒီလိုနောက်မဖြစ်စေရပါဘူး ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဖိုးတုတ်ဟာ လူလိမ္မာတစ်ယောက်ဆိုတာကို ငါယုံကြည်ပါတယ်ကွာ"

"ကဲ...ကဲ.... ငါတို့ပြန်တော့မယ်။ မနက် သံဃာတော်တွေ ဆွမ်းလောင်းဖို့ ဝယ်ရချက်ရဦးမယ် မဟုတ်လား"

ထိုသို့ပြောဆိုပြီး ပြန်သွားကြလေသည်။ လမ်းမတော်ဖိုးတုတ်သည် လပြည့်လကွယ်နံနက်တိုင်း ဆွမ်းကြွသည့် သံဃာတော်များကို ၎င်း၏ တိုက်အိမ်ရှေ့ကနေစောင့်ပြီး ဆွမ်းလောင်းလေ့ရှိသည်။ လမ်းမတော်ဖိုးတုတ်သည် ကျုံးကြီးလမ်းနှင့် ၁၄လမ်း ထိပ်တွင် နေထိုင်သည်။ ၎င်းတို့မှာ ဆလွန်းကား ၂စီးနှင့် ပဲ့ချိတ်မော်တော်တစ် စီးပိုင်ဆိုင်ထားသည်။ ၎င်းပိုင်ဆိုင်မှုနှင့် ထိုင်စားသောက်နိုင်သော်လည်း လုပ်မှုရေးတွေကမ်းများနေ၍အခြားငွေများရှာဖွေနေသည်။



## အခန်း(၁၃)

ထိုနေ့မနက် သံဃာတော်များကို ဆွမ်းလောင်းပြီး မိခင်နှင့် ယောက္ခမအိမ်ကို ထွက်လာသည်။ လက်ထဲတွင် ချိုင့်များပါရှိသည်။ ချိုင့်ထဲတွင်ဟင်းများပါရှိသည်။ လမ်းမတော်ဖိုးတုတ်သည် သံဃာတော်များကို ဆွမ်းလောင်းသည့်နေ့တိုင်း အမေနှင့် ယောက္ခမ (မသင်းမြ၏အမေ) အိမ်များကို ကိုယ်တိုင်ဟင်းများပို့လေ့ရှိသည်။

"ငါ့သမက်က လူမိုက်မဟုတ်ဘူး လူလိမ္မာလေးပါ"

ဟု မသင်းမြ၏အမေက ပြောလေ့ရှိသည်။ လူမိုက်အမည်ခံထားသည့် လမ်းမတော်ဖိုးတုတ်သည် လူကြီးမှန်းသိသည်။ ရှိသေး

www.burmeseclassic.com



သည်။ လမ်းမတော်ဖိုးတုတ်သည် ယောက္ခမအိမ်ကို ဟင်းများပို့ပြီး အမေ့အိမ် ကိုသွားလေသည်။

"အမေ့အတွက် ဟင်းလာပို့တာပါ"

"အေးအေးပါ သားလေး ကျန်းမာချမ်းသာပါစေ၊ လိမ်လိမ်မာမာနေနော်သား။ သမီးသင်းမြ နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ် အမေ"

"သမီးကိုစိတ်ညစ်အောင်မလုပ်ပါနဲ့သားရယ်။ သားကြောင့် သမီးသင်းမြကို စိတ်သောက မရောက်စေချင်ဘူး။ သူတို့ကျေးဇူးက အမေတို့အပေါ်အများသား"

"စိတ်ချပါအမေ"

ဒေါ်ချစ်ပုသည် ချွေးမဖြစ်သူကို သမီးလေး အရင်းတစ်ယောက်လို ချစ်သည်။ မသင်းမြ မျက်နှာညိုးတာနှင့် ဒေါ်ချစ်ပုက သားဖြစ်သူ လမ်းမတော်ဖိုးတုတ်ကို ဆူပူကြိမ်းမောင်းသည်။

မိခင်ဒေါ်ချစ်ပု ဆူပူကြိမ်းမောင်းသည့်အခါ လမ်းမတော်ဖိုးတုတ် ခေါင်းငိုက်စံနေတတ်သည်။ တစ်ခါတစ်ရံမှ "ကျွန်တော် နဲ့မဆိုင်ဘူးအမေ" ဟု ပြောတတ်သည်။

"ဟဲ့သား မင်းမှာ ပိုက်ဆံကျန်သေးလား၊ အမေ့မှာ လျှုစရာရှိလို့"





"ဟုတ်ကဲ့ပါတယ် အမေ"

လမ်းမတော်ဖိုးတုတ်သည် မိခင်ဒေါ်ချစ်ပု ပိုက်ဆံတောင်းတိုင်းငြင်းပယ်သည်ဆိုတာမရှိ။ တောင်းတိုင်းပေးသည်။ ဒေါ်ချစ်ပုကို လမ်းမတော်ဖိုးတုတ် ပိုက်ဆံပေးသည်ကို မသင်းမြက တားမြစ်ခြင်းမရှိ။ ကျေနပ်စွာလက်ခံသည်။

အရက်သောက်လိုက်တာထက် မိခင်ကို ပေးကမ်းလှူဒါန်းတာက ပိုပြီး တန်ဖိုးရှိသည်ဟု ထင်မှတ်နေသည်။ ထို့အတွက်ကြောင့် မသင်းမြက ဝမ်းသာစွာ ဂုဏ်ယူသည်။

"အမေ ရော့ဒီမှာပိုက်ဆံ"

"အေးအေး သာဓုကွယ် သာဓု... အမေလှူတာ သားလည်းကုသိုလ်ရပါတယ်"

"အမေ ကျွန်တော် ပြန်ဦးမယ်။ အမေ့သမီး ဈေးထွက်စရာရှိသေးတယ်"

"အေး အေး"

လမ်းမတော်ဖိုးတုတ်သည် မိခင်အိမ်မှ ပြန်လာခဲ့လေသည်။ ဇနီးမသင်းမြသည် ကိုယ်ပိုင်ဆိုင်လေးရှိ၍ ဈေးထွက်သည်။ မသင်းမြ ဈေးသွားလျှင် လမ်းမတော်ဖိုးတုတ်က အိမ်မှာရှိနေသည်။

"ညီလေးအကျီ အကောင်းမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး အစ်ကို"

ကြားလိုက်ရသည့်စကားကြောင့် အလွန်စိတ်မကောင်း ဖြစ်သွားလေသည်။ ၎င်းသည် ဝတ်ဆင်ထားသည့်အင်္ကျီမှာ အရောင်အသွေးမရှိတော့။ စုတ်ပြဲနေသည်။ လမ်းမတော်ဖိုးတုတ်သည် လူငယ်လေးကို ဆိုင်တစ်ဆိုင်ခေါ်သွားလေသည်။ လူငယ်လေးသည် ခေါ်လို့သာလိုက်လာပေမယ့် ၎င်းဘယ်သူဆိုတာ မသိ။ လူမိုက်ကြီး လမ်းမတော်ဖိုးတုတ်ဆိုတာ သိသွားလျှင် ကြောက်လို့သေနိုင်သည်။

၎င်းတို့ ဆိုင်ထဲကိုဝင်ရောက်သွားသည်။ လမ်းမတော်ဖိုးတုတ် မှန်းသိ၍ ဆိုင်ပိုင်ရှင်က ခရီးဦးကြိုဆိုသည်။

"ဆရာ မင်္ဂလာပါ။ ကျွန်တော်တို့ ဘာကူညီပေးရမလဲ"

"ဒီကလေးအတွက် အင်္ကျီလာဝယ်တာပါဗျာ"

"ရပါတယ် ကြိုက်တာယူပါ"

လမ်းမတော်ဖိုးတုတ်သည် ခေါ်လာသူကို အင်္ကျီတစ်ထည် ဝယ်ပေးလိုက်သည်။ လမ်းမတော်ဖိုးတုတ်မှန်းသိ၍ လျှော့ပေးလိုက်သည်။

"ကျွန်တော့်ကို အခုလိုဝယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဦးရယ်"

လူငယ်၏စကားသည် လမ်းမတော်ဖိုးတုတ်အတွက် ကျေ





နပ်စရာဖြစ်သွားလေသည်။ ဖိုးတုတ်သည် ထိုကဲ့သို့ပြုလုပ်ရသည်ကို အလွန်ကျေနပ်သည်။ လုံချည်စုတ်ပြဲနေသူကိုတွေ့လျှင် လုံချည်ဝယ်ပေးသည်။ ဖိနပ်မပါသူကိုတွေ့လျှင် ဖိနပ်ဝယ်ပေးသည်။ လှူဒါန်းခြင်းများကို အလွန်ဝါသနာပါသည်။

လမ်းမတော်ဖိုးတုတ်၏ တိုက်အိမ်တွင် တစ်လကို သုံးထောင်ငါး ၅၀ ကို ဆွမ်းကပ်သည်။ ထို့အတူ တစ်လကိုတစ်ကြိမ် ဘုရားကိုးဆူပင့်ပြီးပွဲဖော်သည်။ ထိုသို့ပြုလုပ်ရတာကိုပျော်ရွှင်ကျေနပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးတုတ်၏ဇနီး ဒေါ်သင်းမြ

BURMESE CLASSIC .com

## အခန်း(၁၄)

လမ်းမတော်ဖိုးတုတ်အတွက် ဒေါသထွက်စရာဖြစ်လာပေသည်။ ၎င်းပိုင် လမ်းမတော်နယ်တွင် လုယက်မှုတစ်ခုပေါ်ပေါက်လာသည်။ ပုလိပ်အဖွဲ့က မသက်ဆိုင်သူကို ဖမ်းဆီးထားသည်။ သက်ဆိုင်သူကို ပုလိပ်များက မသိအောင်ဖြစ်နေသည်။

လမ်းမတော်ဖိုးတုတ်အတွက် ဒေါသထွက်စရာဖြစ်လာပေသည်။ ၎င်းပိုင် လမ်းမတော်နယ်တွင် လုယက်မှုတစ်ခုပေါ်ပေါက်လာသည်။ ပုလိပ်အဖွဲ့က မသက်ဆိုင်သူကို ဖမ်းဆီးထားသည်။ သက်ဆိုင်သူကို ပုလိပ်များက မသိဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ်သည် သရက်တောကျောင်းတိုက် အတွင်း၌ဇရပ်ကြီးတစ်ဆောင်ဆောက်လုပ်နေ လှူ့အတွက် ဘယ် အရာကိုမှခေါင်းထဲမှာမရှိသလို၎င်းဆောက်လုပ်လှူဒါန်းသည့်ဇရပ် ကြီးမှာ ပြီးစီးတော့မည်။ ယခု ကြားလိုက်ရသည့် သတင်းကြောင့် အလွန်ဒေါသထွက်ပြီး လုယက်မှုကျူးလွန်သူကို ခေါ်ခဲ့ရန် တပည့် များကို အမိန့် ပေးလိုက်လေသည်။

လမ်းမတော်ဖိုးတုတ်၏တပည့်များသည်ပြစ်မှုကျူးလွန်သူ ကိုစုံစမ်းရှာဖွေရန်ထွက်သွားကြသည်။၎င်းတို့သည်ပြစ်မှုကျူးလွန်သူ ဘယ်သူဘယ်ဝါဆိုတာ ရှာဖွေရာတွင် ခက်ခဲသည့်အရာမဟုတ်။ လူမိုက်ချင်းက အဆက်အသွယ်ရှိနေသည်။ ကျူးလွန်သူကို မစုံစမ်း နိုင်လို့ ကိုယ်တိုင်စုံစမ်းလို့ ပေါ်လာရင် လမ်းမတော်ဖိုးတုတ်၏ အကြောင်းကို သိနေကြသည်။

"ငါ့ကို စော်ကားတဲ့အကောင် တွေ့ကြသေးတာပေါ့"

ထိုသို့ကြိမ်းမောင်းပြီးတိုက်အိမ်အောက်ထပ်တွင် ဒေါသနှင့် ထိုင်စောင့်နေသည်။ ပြစ်မှုကျူးလွန်သူအတွက်တော့ ထိုနေ့ဟာ ကံ အဆိုးဆုံးဖြစ်နေသည်။ ထိုအချိန်တွင် တပည့်များ ပြန်ရောက် လာသည်။ လူပိုတစ်ယောက် ပါလာသည်။

အပိုပါလာသူ၏နာမည်ဟာဖိုးချက်ဆိုတာ သိလိုက်ရသည်။





"တံခါးဖွင့်ထားတယ်၊ ဝင်လာခဲ့ကြ"

"ဆရာ... သူပါပဲ"

"အေး...ကောင်းပြီ သူ့ကိုထားပြီး မင်းတို့သွားကြတော့"

"ဟုတ်ကဲ့"

တပည့်များထွက်သွားလေသည်။ လမ်းမတော်ဖိုးတုတ် သည် ပြစ်မှုကျူးလွန်သူအား တစ်ချက်ကြည့်လိုက်သည်။

"ဖိုးချက်တဲ့ ငါ့ကိုစိန်ခေါ်နေတာကိုး...၊ စိန်ခေါ်တယ်ဆိုတာ အဲဒီလိုမခေါ်ရဘူး၊ ဒီလိုခေါ်ရတယ်ကွ"

"ရော့..."

"ဖြောင်း.... ဖြောင်း"

လမ်းမတော်ဖိုးတုတ်သည် မူလီခေါင်းတပ် ကြိမ်တုတ်နှင့် ဖိုးချက်ကိုရိုက်လိုက်လေသည်။ဖိုးချက်သည်ပြင်းထန်သည့်ရိုက်ချက် ကြောင့် အနောက်ကို လွင့်ကြသွားလေသည်။

ဖိုးတုတ်သည်ဒေါသများထွက်လာသည်။၎င်းလုပ်ရပ်သည် စိန်ခေါ်လိုက်သလို အားကိုးနေသည့် နယ်သားများအထင်သေးမည် ဆိုတာကို သိနေမိပေသည်။

"ပြောစမ်း... မင်း... ကမ်းနားလမ်းမှာ ပစ္စည်းလုတယ်မဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မလုပ်ဘူး"

"မလုပ်အုံးကွာ"

"ရော့"

"ဖြောင်း...ဖြောင်း"

ရိုက်ချက်များကြောင့် အနောက်ကိုလွင့်ထွက် လဲကျသွားသည်။ ခေါင်းရိုက်လိုက်၍ သွေးများထွက်ကျလာသည်။

လမ်းမတော်ဖိုးတုတ်သည် ပြောရင်းနှင့် ဒေါသထွက်နေသည်။ ပြစ်မှုကျူးလွန်သူ ဖိုးချက်ကို ခပ်ကြမ်းကြမ်း စစ်ဆေးနေသည်။ ဖိုးချက်သည် ၎င်းပြစ်မှုကို မကျူးကြောင်း ငြင်းဆန်နေသည်။

လမ်းမတော်ဖိုးတုတ်သည် ၎င်း၏တပည့်များကို ယုံကြည်သည်။ တပည့်များသည် လွဲမှားတဲ့အလုပ်ကိုလုပ်နေကြသူများမဟုတ်ကြောင်း သိနေသည်။ ၎င်းကိုယ်တိုင်က တစ်ဖက်သားနစ်နာမည့် အလုပ်မျိုးကို မလုပ်ရန်မှာကြားထားသည်။ လုပ်သူကို သက်ညှာစွာ စဉ်းစားခြင်း မရှိ။ ထိုက်တန်သည့်အပြစ်ဒဏ်ကို ပေးလေ့ရှိသည်။

"အစ်ကိုဖိုးတုတ် ကျွန်တော်မလုပ်ပါဘူး"

"ဖိုးချက် မင်း ယောက်ျားမဟုတ်ဘူးလား။ မင်းလုပ်တဲ့ကိစ္စကို ဘာလို့ဝန်မခံရဲတာလဲ၊ ဒါမေးတာကို မဖြေရင် မင်းကိုသတ်ပစ်မယ်၊ မင်း လိုကောင် သေသွားလည်း ဘာမှဝမ်းနည်းစရာမရှိဘူး"





"ကျွန်တော် တကယ်မလုပ်ပါဘူး အစ်ကိုဖိုးတုတ်"

လမ်းမတော်ဖိုးတုတ်သည် ဖိုးချက်ကို သေချာကြည့်လိုက်သည်။ ၎င်း၏အကြည့်သည်အလွန်အဓိပ္ပါယ်ပါသည်။ ဒေါသများထွက်နေသည်။ ဖိုးချက်၏ ခေါင်းမာမှုသည် လမ်းမတော်ဖိုးတုတ်၏ ဒေါသများကို စိမ်ခေါ်သလိုဖြစ်နေသည်။ ခပ်ကြမ်းကြမ်းမေးလို့မရတာကို အကြမ်းဆုံးမေးရန် ဆုံးဖြတ်လိုက်သည်။

လမ်းမတော်ဖိုးတုတ်သည် ဖိုးချက်အနားကို တိုးကပ်သွားသည်။

"မင်းဘယ်လောက် ခေါင်းမာနိုင်မလဲဆိုတာ ကြည့်ရတာပေါ့ကွာ"

"ခေါင်းမာအုံးကွာ"

"မာအုံးကွာ"

"ရော့....ရော့..."

"ဖြောင်း....ဖြောင်း....ဖြောင်း..."

"ဖြောင်း....ဖြောင်း....ဖြောင်း..."

"အမလေးဗျ...အမလေးဗျာ..."

လမ်းမတော်ဖိုးတုတ်သည် အချက်ပေါင်းများစွာ ကြိမ်တုတ်နှင့်ရိုက်နေသည်။ လူမိုက်ဖိုးချက်သည် ထိုင်ရာမှ လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသများကြီးစွာထွက်လာသည့်အတွက်ကြောင့် ဆက်လက်၍ စစ်ဆေးရန် စိတ်များပြင်းထန်လာသည်။

လမ်းမတော်ဖိုးတုတ်သည် လဲကျနေသည့်ဖိုးချက်အနားကို တစ်လှမ်းခြင်းလျှောက်လှမ်းလာနေသည်။ ဖိုးချက်သည်လမ်းမတော်ဖိုးတုတ်ကိုကြည့်ပြီး ကြောက်စိတ်များ ဝင်ရောက်လာသည်။ လမ်းမတော် ဖိုးတုတ်သည် ဖိုးချက်ရှေ့တွင် တုတ်ကိုထောက်၍ ထိုင်လိုက်သည်။

"ဖိုးချက်… မင်း… အမှန်အတိုင်း မပြောသေးဘူးလား၊ ငါ့အကြောင်း မင်းသိတယ်မဟုတ်လား။ မင်းကို ဒီလောက်ထိအချိန်ပေးနေရတာ အတော်လွန်လှပြီ"

"ပြော… မပြောရင်ပိုဆိုးသွားလိမ့်မယ်"

"ဟုတ်… ဟုတ်… ကျွန်တော်ပြော ပြောပါမယ်"

"ကျွန်တော် ကမ်းနားလမ်းမှာ တကာယ်ကျူးလွန်ခဲ့ပါတယ်"

"ဘယ်သူတွေ ပါသေးလဲ"

"သောင်းဟန်နဲ့ ဉာဏ်ထွန်းတို့ ညီအစ်ကို ပါသေးတယ်"

"အဲဒီပစ္စည်းတွေ ဘယ်မှာလဲ"

"သောင်းဟန်ဆီမှာပါ"

"အဲဒီပစ္စည်း သွားပြန်တောင်း။ ငါမင်းနဲ့ သုံးယောက်အဖော်





ထည့်ပေးလိုက်မယ်"

"ဟုတ်ကဲ့ ပြန်တောင်းပေးပါ့မယ်"

"မင်းတို့ကွာ၊ လုပ်စရာရှားလို့ မင်းတို့လုပ်တာ ငါသိကွာဘယ်လောက်ကျတယ်ဆိုတာ မင်းတို့ မသိဘူး"

"ပော့ကောင်တွေ လာခဲ့ကြစမ်း၊ သူ့ကိုဆေးထည့်ပေးလိုက်ကြ"

ထိုသို့ပြောဆိုပြီး လမ်းမတော်ဖိုးတုတ် အပြင်ထွက်သွားလေသည်။ တပည့်များသည် ဖိုးချက်ကို ဆေးများထည့်ပေးလိုက်လေသည်။ ဒဏ်ရာများသည်အလွန်ပြင်းထန်နေသည်။ လမ်းမတော်ဖိုးတုတ်၏ တပည့်များသည် ဖိုးချက်ကို လမ်းမတော်ဖိုးတုတ်အကြောင်း ပြောပြလေသည်။

ဖိုးချက်သည် လမ်းမတော်ဖိုးတုတ်ဆိုတာ လူမိုက်မှန်းသိပေမဲ့ ထိုကဲ့သို့ပြုလုပ်မည်ဆိုတာ မသိသလို ဖိုးတုတ်မှာ ဤမျှလောက်အဆက်အသွယ်ကောင်းမှန်း မသိအောင် ဖြစ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတုတ်၏ညီမအရင်း ဒေါ်မမလေး

## အခန်း (၁၅)

လမ်းမတော် ဌာနအုပ်သည် လမ်းမတော်ဖိုးတုတ်၏ တောင်းဆိုချက်များကို လက်မခံဘဲ ငြင်းဆိုနေသည်။ လမ်းမတော်ဖိုးတုတ်သည် ကမ်းနားလမ်း လုယက်မှုတွင် မသက်ဆိုင်သူ တစ်ယောက်ကို ဖမ်းဆီးထားသည့်အတွက် ပြန်လွှတ်ပေးရန် တောင်းဆိုလေသည်။ ဌာနအုပ်ကို ဟိုတယ်တွင် အရက်တိုက်ပြီး တောင်းဆိုနေခြင်းဖြစ်သည်။

"အဲဒီလူ မဟုတ်ဘူးဆိုတာ ခင်ဗျားမှာ အထောက်အထား ရှိလို့လား ကိုဖိုးတုတ်"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းမတော်ဖိုးတုတ်ဆိုတဲ့ နာမည်ကို အလကားယူထားတာမဟုတ်ပါဘူးဗျာ၊ လမ်းမတော်မပြောနဲ့ ရန်ကုန်မြို့မှာ ဘာဖြစ်လို့ ဘယ်သူလက်ချက်ဆိုတာ ကျုပ်အကုန်သိတယ်၊ ကျုပ် သိသိချင်း လိုက်ဖမ်းနိုင်သေးတယ်၊ ကျုပ်လည်း လိုက်တယ်၊ ဒါပေမဲ့ နောက်ကျသွားပြီ"

"ဘာလို့ နောက်ကျသွားတာလဲ၊ ကိုဖိုးတုတ်"

လမ်းမတော်ဖိုးတုတ်သည် ရှေ့မှာအသင့်ရှိနေသည့် ဝက်သားဇတ်ကို ယူစားလိုက်သည်။ ၎င်းတို့ရှေ့တွင် အကောင်းစားအရက်နှင့် အမြည်းကောင်းများရှိနေသည်။ လမ်းမတော်ဖိုးတုတ်သည် ရန်ကုန်မြို့ဆိုင်များကို ရှောက်ဖွးသလို သက်ဆိုင်ရာ ပုလိပ်၊ ပုလိပ်မင်းကြီး၊ ရှေ့နေ၊ တရားသူကြီး၊ ထောင်မှူး ၊ ထောင်ကြပ် အားလုံးနှင့် အရက်အတူတူ သောက်ဖူးသည်။

၎င်းတို့သည် လမ်းမတော်ဖိုးတုတ် တိုက်သည့်အရက်ကို သောက်ဖူးသလို လမ်းမတော်ဖိုးတုတ်အိမ်မှာ မကြာခဏဆိုသလို ထမင်းလိုက်စားဖူးကြသည်။

"လုယက်သူက ကျုပ်တို့နယ်မြေက မဟုတ်ဘူး၊ နယ်ကလာကြတာ၊ ပြန်စရာလမ်းစရိတ်မရှိလို့ လုပ်တယ်ထင်တယ်၊ အဲဒီနေ့ကပဲ သင်္ဘောနဲ့ ပြန်သွားကြပြီတဲ့"





"လွတ်သွားတာ နာတယ်ဗျာ"

လမ်းမတော်ဖိုးတုတ်သည် ဖြစ်မှုကျူးလွန်သူ ဖိုးချက်အိမ်မှာရှိသည်ဟု မပြောပေ။ ပြောလိုက်လျှင် ဌာနအုပ်သည် ချက်ခြင်းလာရောက် ဖမ်းဆီးမှာ သေချာသည်။ ဖိုးချက်လည်း ထောင်နန်းစံရမှာ မလွတ်ပေ။

ဖိုးချက် ထောင်ကျမှာကို မလိုလားသလို ဖမ်းဆီးခံထားရသူ ပြန်လွတ်ဖို့ကိုလည်း လိုလားနေသည်။ ကိုဖိုးတုတ်သည် အမှုတစ်ခုကို ကြီးထွားလိုစိတ်မရှိ အေးချမ်းစွာ ပြီးပြတ်တာကို လိုလားသည်။ ဌာနဆိုင်ရာနှင့် ပြည်သူများသည် စိတ်ဝမ်းမကွဲစေချင်။ ထို့အတွက်ကြောင့် ဖြစ်ပေါ်လာမှုများကို အမြန်ဆုံး ပြီးပြတ်စေချင်သည်။

လမ်းမတော်ဖိုးတုတ်၏ သဘောထားကို မသိသူများက ၎င်းသည် အလွန်ရက်စက်သည်ဟု ထင်မှတ်နေသည်။ လမ်းမတော်ဖိုးတုတ်သည် ဌာနအုပ်နှင့် တွေ့ဆုံပြီး ဖမ်းဆီးထားသူအား ပြန်လွတ်ခဲ့ရန် တောင်းဆိုနေသည်။

"ခင်ဗျားနာသလို ကျုပ်အတွက်လည်း နစ်နာပါတယ်၊ ကျုပ်နယ်မှာ အခုလိုဖြစ်သွားတာကိုဗျာ...."

"ကောင်းပြီလေ၊ ခင်ဗျားက အပြစ်မရှိဘူးဆိုမှတော့ လွှတ်ပေးရမှာပေါ့၊ ဒါပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နားထောင်နေပါတယ်"

"ကျုပ်တို့ဖမ်းထားတာ ပြစ်မှုကျူးလွန်တာမှမဟုတ်တာ၊ မှန်တယ်မဟုတ်လား"

"ကျုပ်မဟုတ်မှတ်တာ မပြောတတ်ပါဘူးခင်ဗျား၊ လေ့လာစုံစမ်းကြည့်ပါ၊ ခင်ဗျားလည်း ဒီနယ်မြေက ဌာနအုပ်တစ်ယောက်ပဲလေဗျာ"

ဌာနအုပ်သည် ဖိုးတုတ်စကားကို လက်ခံပြီး ဖမ်းဆီးထားသူကို ပြန်လွှတ်ပေးရန် သဘောတူလိုက်လေသည်။ လမ်းမတော်ဖိုးတုတ်နှင့် ဌာနအုပ်ကို သဘောတူညီမှုရယူပြီးနောက် နေထိုင်ရာကို ပြန်သွားကြသည်။

၎င်းတို့ပြန်ကြသည့်အချိန်သည် ညဉ့်နက်ပိုင်းကို ရောက်ရှိနေသည်။ လမ်းမတော်ဖိုးတုတ်သည် တစ်ရက်ပစ်တာ နှစ်ကောင်ထိမှန်သွားသည့်အတွက် စိတ်အေးရသည်။ တကယ်လို့ အတင်းအကျပ်တောင်းဆိုလာလျှင် အလွန်အခက်ကြုံရမည်မှာ သေချာသည်။

ဖမ်းထားသည့်လူ ပြန်လွှတ်စေချင်လျှင် ဖိုးချက်ကို ထောင်ထဲပို့ရမည်မှာ အမှန်ဖြစ်သည်။ ယခုတော့ အားလုံးအေးချမ်းသွားလေသည်။ တကယ်တော့ လမ်းမတော်ဖိုးတုတ်သည် ဘယ်အရာကိုပဲ လုပ်လုပ် ခေါင်းကိုအသုံးချသည်။ အရေးကြုံလာလျှင် အလွယ်ကူဆုံး ဖြေ





ရှင်းနိုင်သည်။

လူ့မိုက်လောကတွင် ဖိုးတုတ်၏ လုပ်ရပ်ကို ဘယ်သူလူ့မိုက်ကမှ မမီနိုင်ဘူး။ ဖိုးတုတ်လို မလုပ်နိုင်ဘူးဟု မှတ်ချက်ပေးခံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးတုတ်၏ညီအရင်း ဦးဘသိန်း၏ဇနီး ဒေါ်ကြင်

## အခန်း(၁၆)

လမ်းမတော်ဖိုးတုတ်သည် အေးဆေးစွာနေနိုင်ပါလျက် မြန်မာလူမျိုးများအတွက် စဉ်းစားရပြန်သည်။

"ကျုပ်လူမိုက်လုပ်တာ မြန်မာလူမျိုးတွေအတွက် မခံနိုင်လို့"

ဟု ပြောခဲ့သည်။ ယခုမြန်မာလူမျိုးများအတွက် မခံနိုင်စရာ ဖြစ်ပေါ်လာပြန်သည်။ ရန်ကုန်မြို့တွင် လူမျိုးခြားများ ကြီးစိုးလွှမ်းမိုးနေသည်။ လမ်းမတော်ဖိုးတုတ်ကို အလုပ်လက်မဲ့သူများကို အလုပ်ရအောင် ဆောင်ရွက်ရန် စဉ်းစားနေရပြန်သည်။ ရန်ကုန်မြို့ ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားများနေရာတွင် ဂေါ်ရင်ဂျီလူမျိုး ဖောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာ ရှိနေသည်။ မြန်မာလူမျိုးများကို အဝင်မခံ အဖွဲ့လိုက် ပြဿနာရှာကြသည်။ ဤင်းကိစ္စအတွက် လမ်းမတော်ဖိုးတုတ် အဖြေ ထုတ်နေရသည်။

လမ်းမတော်ဖိုးတုတ်အတွက် အခွင့်ကောင်းရလာသည်။ ဆိပ်ကမ်းသင်္ဘောကျင်းအလုပ်သမားများသည် လုပ်ခနှင့်ပတ်သက် ပြီး သပိတ်မှောက်ကြသည်။ ကုန်ပစ္စည်းအတွက် အလုပ်သမားများစွာ လိုအပ်လာသည်။

ထိုအချိန်တွင် လမ်းမတော်ဖိုးတုတ်က တပည့်များ အကူ အညီဖြင့် လိုသလောက် အလုပ်သမားများကို ရှာဖွေစုဆောင်းနိုင် သည်။ တပည့်များက ရှာဖွေစုဆောင်းပေးသည်။

ထိုအချိန်တွင် လမ်းမတော်ဖိုးတုတ်က အလုပ်သမားများ အုပ်ချုပ်သူနှင့် သွားရောက်တွေ့ဆုံဆွေးနွေးသည်။

"ကိုဖိုးတုတ် ခင်ဗျားက တကယ်ပြောတာလား"

"ခင်ဗျားသာပြောပါ၊ ကျုပ်တက်က ဗမာအလုပ်သမားဘယ် နှယောက်ပေးရမလဲ၊ လိုအပ်သလောက် ပေးပါ့မယ်"

"အများကြီးလိုချင်တယ်၊ ကုန်အတင်အချ လူမရှိပါဘူး"

"စိတ်ချပါ၊ ကျုပ် အများအပြား ပို့ပေးလိုက်ပါ့မယ်"

"ဘယ်နေ့ပို့မှာလဲ၊ ဒီနေ့ကစပြီး လိုချင်ပါတယ်ဗျာ"





လမ်းမတော်ဖိုးတုတ်သည် တပည့်များ အသင့်စုဆောင်း ထားသည့် မြန်မာအလုပ်သမားများကို ချက်ချင်းခေါ်ယူပြီး ကုန်တင် ကုန်ချ အုပ်ချုပ်ရေးမှူးထံ အလုပ်သမားများကို အပ်လိုက်လေသည်။

လမ်းမတော်ဖိုးတုတ်သည် မြန်မာအလုပ်သမားများကို အလုပ်သွင်းပေးလိုက်သည့်အတွက် ဂေါရင်ဂျီများ မကျေမနပ်ဖြစ် ကုန်ကြသည်။ ဖိုးတုတ်၏အကြံပေးမှုကြောင့် ဆိပ်ကမ်းကုန်တင် ကုန်ချအလုပ်သမားများအလွန်အဆင်ပြေသည်။ အင်္ဂလိပ်ကုန်သည် ကြီးများသည် လမ်းမတော်ဖိုးတုတ်၏လုပ်ရပ်ကို ချီးကျူးထောပနာ ပြုကြသည်။

ကုန်သည်ကြီးများအတွက် လမ်းမတော်ဖိုးတုတ်ဟာ ကျေး ဇူးရှင်တစ်ယောက်ဖြစ်နေသည်။ ထိုအချိန်အခါက ဗမာကူလီဟူ၍ ရန်ကုန်မြို့တွင် လုပ်ကိုင်သူမရှိ။ လုပ်ခွင့်မရ။ ဂေါရင်ဂျီများက လွှမ်းမိုးထားသည်။ လမ်းမတော်ဖိုးတုတ်၏ စွမ်းဆောင်ချက်ဖြင့် ဗမာကူလီများ ဝင်ရောက်လာ၍ ဂေါရင်ဂျီကူလီ ၃-၄ ကောင်မျှ အလုပ်လက်မဲ့ဘဝကို ချက်ချင်း ရောက်ရှိသွားကုန်ကြသည်။

ကုလားနိုင်ငံရေးသမားအချို့နှင့်အလုပ်သမားခေါင်းဆောင် တို့၏ သွေးထိုးမှုကြောင့် အလွန်ကြောက်တတ်သော ဂေါရင်ဂျီများ သည် ဗမာကူလီများ အလုပ်စခန်းပတ်ဝန်းကျင်မှ မထိတထိ ရန်စ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ လမ်းမတော်ဖိုးတုတ်ကလည်း ၎င်းစီးပွားရေးကို ထိခိုက်လျှင် ခံမည်မဟုတ်။ ဆိပ်ကမ်းကူလီအလုပ်သမားအဖွဲ့သည် လမ်းမတော်ဖိုးတုတ်ကို တစ်နေ့လျှင် ၃၀၀ကျပ်ပေးကြသည်။

ထိုအချိန်တွင် ကုလားဗမာအဓိကရုဏ်းဖြစ်ပေါ်လာခဲ့သည်။ ဂေါ်ရင်ဂျီထောင်ပေါင်းများစွာ အထိနာသွားလေသည်။ ၎င်းအဓိကရုဏ်းတွင် လမ်းမတော်ဖိုးတုတ်၏တပည့်လူမိုက်များက ဗမာအလုပ်သမားများဘက်က ဝင်ရောက်လာ၍အင်အားခြင်းကအလွန်ကွာခြားသည်။ လမ်းမတော်ဖိုးတုတ်၏တပည့်များသည် အလွန် ဆိုးသွမ်းသလို မိုက်ရာမှာ ရှားပါးလေသည်။ ၎င်းအဓိကရုဏ်းကို အစိုးရနှင့် လမ်းမတော် ဖိုးတုတ်တို့ ဝင်ရောက်လာ၍ အေးငြိမ်းသွားလေသည်။

"မင်းတို့တွေ အေးအေးဆေးဆေးနေရင်နေ မနေရင် ငါ့ရဲ့ဓားက လူမရွေးဘူး။ ငါ့ဓားက လူတစ်ယောက်ရဲ့အသက်ကို မသနားတတ်ဘူး။ မသိရင်မှတ်ထား၊ ငါ့နာမည် ဖိုးတုတ်၊ လမ်းမတော်ဖိုးတုတ်တဲ့။ ရှုပ်ဖို့တော့မကြံနဲ့။ ဖိုးတုတ်က ရှင်းတတ်တယ်"

ဝင်းလက်သည့်ဓားကြီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ပြောနေသည်။ လမ်းမတော်ဖိုးတုတ်သည် လူဆိုးလူမိုက်သူခိုးတွေအပေါ်သာ ဩဇာညောင်းသည်မဟုတ်။ နိုင်ငံထိပ်သီး ခေါင်းဆောင်များ၏ အားကိုးရာလည်းဖြစ်သည်။



## အခန်း(၁၇)

လမ်းမတော်ဖိုးတုတ်ကို ဗမာနိုင်ငံတစ်ဝှမ်းလုံး မသိသူမရှိသလို အလုပ်သမားလူဆိုးလူမိုက်သူခိုးနှင့် နိုင်ငံရေးသမားများ၏ ချစ်ခင်ချစ်မြတ်နိုး၍ အားထားရာလူတစ်ယောက်လည်းဖြစ်သည်။ လမ်းမတော်ဖိုးတုတ်သည် အထပ်ပါကိစ္စကို အေးဆေးစွာဖြေရှင်းပြီး ရွှေဂုံတိုင်လမ်းဘုန်းကြီးကျောင်းတစ်ကျောင်းကို ရေတွင်းတစ်တွင်း လှူဒါန်းရန် စီစဉ်နေသည်။

၎င်းလှူဒါန်းသည့် သရက်တောကျောင်းဝင်းကဇရပ်ကြီးကိုတော့ ရေစက်ချလှူဒါန်းပြီးစီးသွားသည်။ ဇရပ်လှူဒါန်းသည့်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ်နှင့် တပည့်သုံးလေးယောက် ရဟန်းဝတ်ကြသည်။ လမ်းမတော်ဖိုးတုတ်အတွက် ၃ ကြိမ်မြောက် ရဟန်းဝတ်ခြင်းဖြစ်သည်။

"အစ်ကိုဖိုးတုတ်"

"ဘာလဲကွာ ဘာထူးလို့လဲ"

"သခင်အောင်ဆန်းတို့ ဂျပန်ပြည် စစ်ပညာသွားသင်ကြတယ်"

"အဲဒါဘာဖြစ်လဲ။ ဗမာပြည် လွတ်လပ်ရေးရဖို့ပဲ ကောင်းတာပေါ့"

"မဟုတ်ဘူး ယိုးဒယားမှာ စရိတ်တွေပြတ်ပြီး ဝမ်းတွေလျှောနေလို့တဲ့။ အဲဒါ ပိုက်ဆံလိုတယ်တဲ့"

"ဟေ ဟုတ်လား မင်းကိုဘယ်သူပြောလဲ"

ကြားလိုက်ရသည့် စကားကြောင့် လမ်းမတော်ဖိုးတုတ် အထိတ်တလန့်ဖြစ်သွားသည်။ ဗမာပြည် လွတ်လပ်ရေးရဖို့အတွက် ဂျပန်နိုင်ငံကို လူငယ်များစစ်ပညာသွားသင်ကြသည်ဆိုတဲ့စကားကြားရ၍ လမ်းမတော်ဖိုးတုတ် အလွန်ဝမ်းသာနေသည်။ ယခု ရောဂါဖြစ်နေပြီဆိုတော့ သောကဖြစ်ရသည်။ သခင်အောင်ဆန်းနှင့်အဖွဲ့ စစ်ပညာသင်နိုင်ကြပါ့မလားဟု စိုးရိမ်နေသည်။ ဂျပန်နိုင်ငံကို





စစ်ပညာသွားသင်မည်ဟု တို့ဗမာအစည်းအရုံး က စီစဉ်တုန်းက လမ်းမတော်ဖိုးတုတ် ကောင်းစွာထောက်ခံသည်။ ဗမာမြေပေါ်မှာ ရှိနေတဲ့ တစ်ကျွန်းသားတော့ အလွန်မိုက်ရိုင်းတယ်။ ဘုရားကျောင်းကန်မသိ၊ ရိုသေမှုကင်းမဲ့သူများဟု မှတ်ချက်ပေး ဖူးသည်။

"အစ်မမြရီအိမ်ကိုရောဝတီက သခင်တွေလာပြောလို့ကြားရတာ။ သူတို့လည်း ရသလောက်ငွေတွေ စုနေကြတယ်။ အရေးကြီးတာက သခင်အောင်ဆန်းတို့ ရောဂါပျောက်ဖို့ပဲ"

"ဒါဆို ငါတို့ အစ်မမြရီအိမ်ကိုသွားပြီး ပိုက်ဆံသွားပေးကြမယ်။ မင်းတို့လည်း ရသလောက်ပါဝင်ကြ။ သူတို့ဟာ ဗမာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းနေသူတွေပဲ"

"ကောင်းပါပြီ အစ်ကိုကြီး"

လမ်းမတော်ဖိုးတုတ်သည် သခင်အောင်ဆန်းတို့အတွက် ငွေကြေးထောက်ပံ့ရန် စီမံကြသည်။ လမ်းမတော်ဖိုးတုတ်သည် အင်္ဂလိပ်အစိုးရနှင့် ပူးပေါင်းပေမယ့် ၎င်းတို့ မြန်မာနိုင်ငံကို အုပ်ချုပ်နေတာကို မကြိုက်နှစ်သက်အောင် ဖြစ်နေသည်။ လမ်းမတော်ဖိုးတုတ်သည် သခင်အောင်ဆန်းကိုစစ်ပညာသင်ကြားရာ ငွေကြေးများထောက်ပံ့ ပေးသည်။ ထို့အတွက်ကြောင့် နိုင်ငံရေးသမားများက လမ်းမတော်ဖိုး တုတ်ကို လေးစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

လမ်းမတော်ဖိုးတုတ်သည် ရင်းပိုင် လမ်းမတော်တွင် ပုလိပ်အရာရှိအင်စပက်တော်တစ်ယောက်ရောက်ရှိလာလျှင်ရင်းက စတင်မိတ် ဆက်လေ့ရှိသည်။ တစ်နေ့သောအခါ လမ်းမတော် တိုက်ပိုင်နယ်အုပ် ချုပ်သူ အင်စပက်တော် ကိုခင်မောင်ဆိုသူ ရောက်ရှိလာသည်။ ကိုခင်မောင်သည်ပဲခူးခရိုင်စုံထောက်ရဲအဖွဲ့တွင် အမှုထမ်းနေရာမှ ရန်ကုန်မြို့တွင် နာမည်ကြီးလူမိုက်ကြီး လမ်းမတော်ဖိုးတုတ်နှင့် ပုဏ္ဏားဘကွန်းတို့ ကိုနှိမ်နင်းရန် ရန်ကုန်မြို့ကိုပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည်။

ရွှေပြည်စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်ကိုခင်မောင်သည်လမ်းမတော်ဖိုးတုတ်ကို ရက်စက်စွာနှိမ်နင်းမည်ဟု မောင်းတင်လာသူဖြစ်သည်။ အင်စပက်တော် ကိုခင်မောင်ရောက်ရှိလာသည်ကြားသည်နှင့် လမ်းမတော်ဖိုးတုတ်သည် ၎င်းကိုတွေ့ဆုံရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

တစ်နေ့သောညနေတွင် လမ်းမတော်ဖိုးတုတ်သည်အသစ်ရောက်ရှိလာသည့် အင်အစပက်တော် ကိုခင်မောင်နေထိုင်ရာ စိန့်ဂျွန်းလမ်း အရှေ့ထောင်ဟောင်းဝင်းရှိ နေအိမ်ကို ရောက်ရှိသွားသည်။ အင်စပက်တော် ကိုခင်မောင်သည် လမ်းမတော်ဖိုးတုတ် အမည်ဖော်၍ နှုတ်ဆက်သည်။ အင်စပက်တော် အသစ်လေး ကိုခင်မောင်သည် လမ်းမတော်ဖိုးတုတ်၏လုပ်ရပ်ကို အလွန်အံ့သြ ချီးကျူးနေမိသည်။ တာဝန်ကျ ရာဒေသများတွင် ဘယ်လူဆိုးလူမိုက်မှ လာရောက်တွေ့ဆုံမိတ်ဆက် ခြင်းမရှိ။ ထင်တိုင်းကြဲနေသည်။ လမ်းမတော်ဖိုးတုတ်က အားလုံးထက် ထူးဆန်းနေသည်။

လမ်းမတော်ဖိုးတုတ်သည် ၎င်းကိုကြောက်ရွံ့၍ ထိုကဲ့သို့လာရောက်တာလား၊ စည်းရုံးတာလား၊ အကော်ကြံမလို့လား၊ လားပေါင်းများစွာဖြင့် တွေးရင်း သံသယဖြစ်နေမိသည်။

"ဆရာ ကျွန်တော်တို့ ရန်ကုန်ကို ရောက်လာတော့ ကျွန်တော်တို့မှာ ဖိတ်မန္တကပြုရမယ့် ဝတ္တရားရှိပါတယ်။ ဆရာအားတဲ့





တစ်ည လောက် ကျွန်တော် ထမင်းကျွေးပါရစေ"

"ကျွန်တော် အားတဲ့တစ်နေ့မှာ လာခဲ့ပါ့မယ်ဗျာ"

ဟုပြောလိုက်လေသည်။ လမ်းမတော်ဖိုးတုတ်၏ဖော်ရွေမှုကို ကိုခင်မောင် လက်ခံလိုက်သည်။ အသစ်ရောက်ရှိလာသော ကိုခင်မောင်သည် လမ်းမတော်ဖိုးတုတ်၏ အကြောင်းကို သိပြီးသားဖြစ်သည်။ ၎င်းသည်ပုလိပ်အရာရှိများနှင့်ပေါင်းသည်ဆိုတာ တောင်းဆိုချက် ကြောင့်မဟုတ်။ ပုလိပ်များ အခက်အခဲရှိလျှင် တာဝန်ယူဖြေရှင်းပေးတတ်သည်။

နေစရာမရှိသည့် ပုလိပ်ဆိုလျှင် နေစရာစီစဉ်ပေးသလို ဆန်ဆီများကိုပါ ထောက်ပံ့ပေးသည်။ လမ်းမတော်ဖိုးတုတ်သည် အချို့ပုလိပ်အဖွဲ့ဝင်တို့အား ညီအစ်ကိုရင်းချာကဲ့သို့ပြုစုကာကွယ်ပေးနိုင်စွမ်းရှိသည်။ လမ်းမတော်ဖိုးတုတ်ပိုင်တဲ့ နယ်မြေတွင် ဘိန်းခန်း၊ ပြည့်တန်ဆာခန်း၊ ဖဲဝိုင်း၊ အငြိမ့်သမ၊ အရက်ဆိုင် စသည်တို့ရှိသည်။ ဘုန်းကြီးလမ်းအရက်ဆိုင်၊ ကျုံးကြီးလမ်း ဘိန်းခန်း၊ ထောင်ခြံမှ ပြည့်တန်ဆာများ၊ လမ်းမတော်ပိုင်းရှိ အငြိမ့်လေးငါးခုမှ အငြိမ့်သမများ ပေါများလှသည်။ ကစားဝိုင်းက ငွေလိုချင်လျှင် လွယ်ကူသည်။ အားလုံး ဆူညံသောင်းကျန်းခြင်းမရှိ။ လမ်းမတော်ဖိုးတုတ်ကို ကြောက်နေရ၍ လမ်းမတော်ဖိုးတုတ်က ဆူညံသူကို မူလီခေါင်းအုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်တုတ်နှင့် ခေါင်းရိုက် သည်။

အင်စပက်တော်သည်ဖိုးတုတ်၏ပုံပန်းသဏ္ဌာန်ကိုသေချာကြည့်လိုက်သည်။ ဖိုးတုတ်သည် အသားခပ်ညိုညို၊ အရပ်ငါးပေ ရှစ်လက်မခန့်၊ လည်ကတုံးဝတ်လျက်၊ နှုတ်ခမ်းမွေးနှင့်ခန့်ညားသော လူတစ်ယောက်၊ လူဆိုးကြီးတစ်ဦးကဲ့သို့ အမြဲတမ်းတင်းမာနေသော မျက်နှာမျိုးမဟုတ်။ ခပ်ပြုံးပြုံးနေတတ်သည်။

အင်စပက်တော်သည် လမ်းမတော်ဖိုးတုတ်နှင့်တွေ့ဆုံရန် အလွန်ခက်ခဲသည်။ လူမိုက်တစ်ယောက်ကိုခင်မင်ရမှာခဲယဉ်းသည်။ ကြာလာတော့ရင်းနီးသွားသည်။ လမ်းမတော်ဖိုးတုတ်အိမ်ကို မကြာခဏ ရောက်ရှိလေသည်။ လမ်းမတော်ဖိုးတုတ်သည်လက်ဖက်ရည် ကော်ဖီများကို သောက်လေ့ရှိသည်။ လမ်းမတော်ဖိုးတုတ်သည် ကိုယ်ပိုင်ကား၂စီးရှိသည်။ ကားကို တိုက်ရှေ့တွင် ရပ်ထားသည်။ လမ်းမတော်ဖိုးတုတ်၏ တိုက်အိမ်ရှေ့တွင် ခရေပင်ကြီးရှိပြီး ခရေပင်ကို အမိုးပြု၍ ထိုင်ခုံပြုလုပ်ထားသည်။ တစ်ခါတစ်ရံ ပက်လက်ကုလားထိုင်၌ထိုင်ပြီး လက်ဖက်ရည်လည်းသောက်ကြသည်။

အင်စပက်တော်ကိုခင်မောင်သည်လမ်းမတော်ဖိုးတုတ်ကို ဖမ်းဆီးရန်အတွက်အနီးကပ်သက်သေများကိုရှာဖွေနေသည်။ လမ်းမတော်ဖိုးတုတ်သည် ဖမ်းဆီးလောက်သည့်အမှု မတွေ့ရှိရ၍





အခက်ကြုံနေသည်။ ထို့နေ့ ကိုခင်မောင်နှင့် လမ်းမတော်ဖိုးတုတ်တို့ ၎င်းတို့အိမ် ရှေ့တွင် အနားယူစကားပြောနေကြသည်။

"ဆရာရယ် ဆရာ ပုလိပ်လုပ်တာ သနားလှတယ်။ တရားသူကြီးလုပ်ပါလား"

"ဟာ ကိုဖိုးတုတ်ကလည်း ပုလိပ်ကမှ တိုင်းသူပြည်သားအသက်စည်းစိမ်ကာကွယ်နိုင်တယ်။ ပင်ပန်းတော့လည်း ကျန်းမာတယ်"

"ကျွန်တော်တို့ဆင်းရဲသားတွေ ဘာမှလည်းမလုပ်တတ်မကိုင်တတ်နဲ့ ဒီခေတ်ထဲမှာ ကိုယ့်ထက်ချမ်းသာကြွယ်ဝတဲ့ လူတွေဆီက အနည်းငယ်ဝေခြမ်းစားသောက်တာ ဆရာရယ်၊ ဆရာက စည်းစိမ်ရှင်တွေများ ကာကွယ်မနေပါနဲ့။ သူတို့က မဖြုံပါဘူး"

ဟုပြောလိုက်သည်။ လမ်းမတော်ဖိုးတုတ်စကားကို ကြားလိုက်ရ၍ အင်စပက်တော် ကိုခင်မောင် ရုတ်တရက် ပြောစရာစကား မရှိအောင်ဖြစ်သွားသည်။ လမ်းမတော်ဖိုးတုတ်၏ ရည်ရွယ်ချက်ကို သဘောမပေါက်။

လမ်းမတော်ဖိုးတုတ်သည် ကိုခင်မောင်အား ပုလိပ်အရာရှိ တစ်ယောက်အဖြစ် ဆက်ဆံနေသည်။ ကိုခင်မောင်က အရပ်သား တစ်ယောက်အနေနှင့်သာ ပြောဆိုဆက်ဆံနေသည်။ လမ်းမတော်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတုတ် ကို လူမိုက်ဟု အားလုံးသတ်မှတ်နေကြတာ ဘယ်အချက်ကြောင့်လည်းဟု တွေးနေမိသည်။

"အင်စပက်တော်မင်းကျွန်တော့်ကိုအားကိုးပါ။ ကျွန်တော့်မှာအဆက်အသွယ်ကောင်းကောင်းရှိပါတယ်၊ မကြာခင်ရာဇဝတ်ဝန်ထောက်ဖြစ်အောင် ကျွန်တော် တတ်နိုင်ပါတယ်"

"ကိုဖိုးတုတ်ကလည်း ဗျာ"

ဟူ၍သာ ရှက်ရှက်နှင့်ပြောလိုက်ရသည်။ တကယ်တော့ကိုခင်မောင်သည် လူသားတစ်ယောက်ပဲ။ ရာထူးကြီးကြီးနှင့် နေချင်တာပေါ့။ အောက်လက်ငယ်သားဘဝနှင့် အနိုင်ခံနေရတာထက် ရာထူးကြီး နှင့် အနိုင်းခံရတာ သက်သာသည်။

လမ်းမတော်ဖိုးတုတ်သည် ပြောသည့်အတိုင်း လုပ်ပေးနိုင်သည်ဆိုတာ အင်စပိတ်တော် ကိုခင်မောင် သိနေသည်။ တစ်ချိန်က လမ်းမတော်မှတက်သော အမတ်တစ်ယောက်သည် ဝန်ကြီးအဖြစ်ရှိနေသည်။ လမ်းမတော်ဖိုးတုတ် ဘယ်လိုကူညီသည်ဆိုတာ မသိပေမဲ့ ခန့်မှန်းနိုင်သည်။

လမ်းမတော်ဖိုးတုတ်သည် စကားပြောရာတွင် ဖဲ့ဒိုး ပြောတတ်သည်။ ၎င်း၏အလုပ်မှာ သူတစ်ပါး၏ပစ္စည်းနှင့်အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သော်လည်းအမှန်တရားကိုလိုလားသည်။ မတရား





တာကိုလက်မခံ။ ကိုခင်မောင်နှင့် လမ်းမတော်ဖိုးတုတ်တို့၏ရင်းနှီးမှုမှာ ကောက်ကျစ်ခြင်းမရှိ၊ ရိုးစင်းသည်။

"စိတ်ချပါ.... ဆရာ၊ လမ်းမတော်တိုက်ပိုင်လုပ်နေသမျှကျွန်တော့် တပည့်များ မနှောက်ယှက်စေရဘူး"

ဟု လမ်းမတော်ဖိုးတုတ်ပြောသည်။ ၎င်းစကားအတိုင်း လမ်းမတော်ဖိုးတုတ် အပါအဝင် တပည့်များသည် အင်စပိတ်တော် ကိုခင်မောင်ကိုနှောက်ယှက်ခြင်းမရှိ။ လမ်းမတော်ဖိုးတုတ်၏တပည့်များသည် နှောက်ယှက်သည့်နေရာမှာ ဘယ်လိုလူမျိုးကိုမှ မထား။ ပြဿနာဖြစ်လာရင်လမ်းမတော်ဖိုးတုတ်က ဆရာတစ်ယောက်အနေနှင့် ဖြေရှင်းပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

အချိန်ကား ၁၉၃၈ ခုနှစ်၊ ဆောင်းရာသီ တစ်ညဖြစ်သည်။ နှင်းမှုန်များ ကျဆင်းနေသည်။ အချိန်မှာ ည (၁၀) နာရီခန့်ရှိသည်။ ၎င်းအချိန်တွင် အနီရောင်ရင့် မြင်း(၁၄) ကောင်အားဖောက်စ်ဆောကား တစ်စီးသည် မြို့မနေရှင်နယ်ရှေ့ မိုင်ဒါကွင်း ကွက်လပ်ကြီး အတွင်းကို မောင်းဝင်လာသည်။

ကားမောင်းသူမှာ အနောက်ပိုင်း ရာဇဝတ်ဝန်ထောက် အင်္ဂလိပ်လူမျိုးစကော့ဆိုသူဖြစ်သည်။ ၎င်း၏ဘေးတွင်ထိုင်နေသူမှာ လမ်းမတော်ဌာနအုပ်မင်းဖြစ်သည်။ နောက်ခုံတွင် ဆားပုလင်းအေါ်



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးကြည့် (စာသင်) ပုလိပ်မောင်လှမောင်နှင့် ဘေးတွင် လမ်းမတော် ဖိုးတုတ်တို့ဖြစ်ကြသည်။

ကွင်းအလယ်လောက်အရောက်တွင်ဖိုးတုတ်ကိုကားပေါ်မှ ဆင်းရန်ပြောသည်။ လမ်းမတော်ဖိုးတုတ်သည် သပ်သပ်ရပ်ရပ်မရှိ။ နှုတ်ခမ်းမွေးထူထူကို တသသလုပ်နေချိန် ဖြစ်သည်။ ရာဇဝတ်ဝန်ထောက်မှာ အသက် (၂၀) ခန့်ရှိသည်။ အရပ်မှာ ၅ပေ၁၀လက်မလောက်ရှိသည်။ ၎င်းသည် လမ်းမတော်ဖိုးတုတ်ကို ရှေ့မှာရပ်စေသည်။

"ကျုပ်... ဘယ်သူလဲ... သိလား"

"သိပါတယ်၊ အနောက်နယ်ဝန်ကလေး စကော့သခင်ပါ"

"ကောင်းပြီ၊ မင်း ကျုပ်ကိုသိတယ်၊ ကျုပ် မင်းကို သိတယ်၊ မင်း လူမိုက်တစ်ယောက်၊ ကျုပ် ပုလိပ်တစ်ယောက် ဟုတ်သလား"

"သခင်.... ဝန်ကလေးပါ၊ ကျွန်တော် ဖိုးတုတ်ပါ၊ လူမိုက် မဟုတ်ပါဘူး"

"အေးဟုတ်တယ်၊ မင်းလူမိုက်မဟုတ်ဘူး၊ ဂ . ်းမတော်မှာ လူမိုက်တစ်ယောက်တည်းပဲရှိတယ်၊ အဲဒါ ကျုပ်ပဲ"

ဟု ပြောဆိုပြီး လမ်းမတော်ဖိုးတုတ်ကို လက်သီးနှင့်ထိုး၊ ခြေနှင့်ကန်တော့သည်။ လမ်းမတော်ဖိုးတုတ်သည် ထွက်လာမည့်





ဒေါသကို ထိန်းချုပ်ထားသည်။ ဝန်ထောက်လေး၏ ထိုးကျိတ်မှုကို ခံနေသည်။ အနားရှိဗြာနအုပ်နှင့်ပုလိပ်သည်ဘာမှမလုပ်။ ဝန်ထောက်စကော့ အတွက် စိုးရိမ်လာသည်။ လမ်းမတော်ဖိုးတုတ်၏ တပည့်များသည် အလွန်လျင်မြန်သည်။ အလောင်းပြန်မရအောင် အစဖျောက်တတ်သည်။ ၎င်းဖြစ်ရပ်များ ရှိခဲ့ဖူးသည်။

ပါလာသူများသည် လမ်းမတော်ဖိုးတုတ်၏ အကြောင်းကို သိကြသလို ခင်မင်မှုများလည်း ရှိကြသည်။ အင်္ဂလိပ်ဝန်ထောက်သည် အခဲမကျေသေးဘဲနေသည်။ လမ်းမတော်ဖိုးတုတ်ကို ထူပြီး နှုတ်ခမ်းမွေးများ ကိုနှုတ်တော့သည်။ နှုတ်ထားသည့်အမွေးနေရာမှ သွေးများထွက်ကျလာသည်။

"နောက်တစ်ခါဆို မင်းအသက်သေမယ်မှတ်"

ဟုပြောဆိုပြီး ကားမောင်းထွက်သွားသည်။

"မင်းအတွက် ဒေါသနားတယ်ကွာ"

ပြောဆိုပြီး ကျန်ရစ်ခဲ့လေသည်။ နောက်တစ်နေ့နံနက်ထိ သွေးစများ ရှိနေသည်။ ထိုကိစ္စကို သိသွားသော ကိုခင်မောင်မှာ အလွန်စိတ်ထိခိုက်သွားသည်။ ၎င်းအပိုင်းမှာ ထိုကဲ့သို့ ပြုလုပ်သွားသည့် အတွက်ကြောင့် ဖြစ်သည်။

လမ်းမတော်ဖိုးတုတ်ကို လုပ်သည့်ကိစ္စကြောင့် တပည့်များ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်ကုန်ကြသည်။ တစ်နေ့သောညတွင် အနောက်ဝန်ကလေး ကားမောင်းထွက်လာသည်။ လမ်းတွင် လူသုံးယောက်က တားသည်။ မန်တက်နေသည့် ဝန်ကလေးစကော့ ကားပေါ်ကဆင်းပြီး လူသုံး ယောက်ကို ဟောက်နေသည်။

"စိတ်မဆိုးပါနဲ့ဗျာ၊ အသစ်ရောက်လာတဲ့ ဝန်လေးဆိုတာ ဘယ်လိုအကောင်လဲ သိချင်လို့ လာကြည့်တာပါ"

"မင်းတို့ လူမိုက် ရာဇဝတ်ကောင်တွေပဲ"

"ကျုပ်တို့က ရာဇဝတ်ကောင်ဆိုရင် မင်းတို့က မိစ္ဆာတွေပဲ"

ပြောဆိုပြီး ဝိုင်းရိုက်ကြသည်။ ဝန်ကလေးသည် အလူးအလိမ့်ခံနေရသည်။ ဖိုးတုတ်ကို လုပ်သည်ထက် ဆိုးနေသည်။ သွေးများထွက်ကျနေသည်။

"အနောက်ပိုင်းက ကျုပ်တို့နယ်မြေပဲ၊ ကျူးကျော်လာရင် အသိပေးရတယ်၊ မင်းလိုအကောင်ကို မစားလောက်လို့ ဒီတစ်ခါတော့ ပညာပေးရုံပဲ၊ နောက်တစ်ခါဆိုရင် ရန်ကုန်မြစ်ကိုကြည့်ထား၊ ငါးစာကျွေးပစ်မယ်"

ဝန်ကလေးသည် ပြောသမျှကို ခေါင်းငုံ့ခံလိုက်ရသည်။ အနောက်ပိုင်းမှာ တာဝန်ကျ၍ တော်လှန်မည့်သူမရှိဟု ထင်မှတ်ထားတာ ယခုတော့ ကောင်းကောင်းခံလိုက်ရသည်။





မည်သို့ပင်ဖြစ်စေကာမူ လမ်းမတော်ဖိုးတုတ်သည် ပုလိပ်မင်းကြီးထံသို့ တိုင်စာတစ်စောင် ရေးပို့လိုက်သည်။ သို့သော် စုံစမ်းစစ်ဆေးသောအခါသက်သေမရှိသဖြင့်ရာဇဝတ်ဝန်ထောက်အပေါ်၌ အရေးမယူခဲ့။ သို့သော် ရာဇဝတ်ဝန်ထောက်အပေါ်ငင်းကိစ္စအတွက် နာမည်ပျက်စရာတစ်ခု ဖြစ်သွားသည်။ များမကြာမီ ရာဇဝတ်ဝန်ထောက်ကို အခြား ခြေလွန်လက်လွန်မှုတစ်ခုအတွက် ရန်ကုန်မြို့မှ ပြောင်းရွှေ့ခြင်း ခံလိုက်ရသည်။ ၎င်းပြောင်းရွှေ့သည့်ကိစ္စတွင် ပြည်ထဲရေးဝန်ကြီးအပေါ် လမ်းမတော်ဖိုးတုတ် ဩဇာသက်ရောက်ကြောင်း သိသာလှသည်။

ထိုအတွ ၁၉၃၈ ခုနှစ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးလှုပ်ရှားမှုများ တစ်မျိုးပြီးတစ်မျိုး တိုးတက်လာသည်။ အလားတူ ကုလားဗမာ ရိုက်ပွဲတစ်ခု ပေါ်ပေါက်လာသည်။ ဗမာများသည် မိမိတို့ရပ်ကွက်ကို ကာကွယ်ရန် ကင်းများချ၍ နေကြသည်။

လမ်းမတော်ဖိုးတုတ်တို့အိမ်နီးနားဘုန်းကြီးလမ်းတွင်လည်း ကင်းသမားများစောင့်ရှောက်ကြသည်။ ရပ်ကောင်အေးချမ်းသာယာရေးတွင် လမ်းမတော်ဖိုးတုတ်နှင့် တပည့်များသည်အလွန် နာမည်ကောင်းရှိကြသည်။ အားကိုးကြသည်။

တစ်ညတွင်ရာဇဝတ်ဝန်ထောက်လှည့်ပတ်၍ငင်းအဖွဲ့ကင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရာရောက်သောအခါ ကားပေါ်မှဆင်းပြီး မေးမြန်းသည်။ ကင်းစောင့်နေသည့်အကြောင်း ပြောလိုက်သည်။

"ဒါ ကျုပ်အလုပ်၊ မင်းတို့အလုပ်မဟုတ်ဘူး" ဟု ပြောဆိုပြီး ချက်ပြုတ်ထားတဲ့ ထမင်းအိုး၊ ဟင်းအိုးများကို ခြေထောက်နှင့် ကန်ထုတ်ပစ်သည်။ ၎င်းကိစ္စကိုသိသွားသော ဖိုးတုတ်မှာ အလွန်ဒေါသထွက် သွားသည်။

"ခင်းမျက်နှာ ဒီနယ်မှာ မမြင်စေရဘူး"

ဟုကြိမ်းလိုက်လေသည်။

လမ်းမတော်ဖိုးတုတ်ပြောသည့်အတိုင်း (၅) ရက်လောက်ကြာသောအခါ ၎င်းရာဇဝတ်ဝန်ထောက် နယ် ပြောင်းရွှေ့ခံလိုက်ရသည်၊ ၎င်းကိစ္စကြောင့် လမ်းမတော်ဖိုးတုတ်မှာ နာမည်ကြီးရန်အမှတ် များတိုးလာသည်။

အထက်ဖော်ပြခဲ့သော ဝန်ထောက်စကောနှင့်ပတ်သက်၍ လမ်းမတော်ဖိုးတုတ် မှန်ကန်သည်။



## အခန်း (၂၀)

ရာဇဝတ်ဝန်ထောက်နှင့် ပုလိပ်များအတွက် လမ်းမတော်ဖိုးတုတ်ဟာ အဓိကတရားခံဖြစ်နေသည်။ ၎င်းတို့ပစ်မှတ်ထားသည်မှာ များယွင်းသည်ဟုပြောရန်ခက်ခဲနေသည်။ ပုလိပ်များ၏ အကျင့်မှာ မည်သူကျူးလွန်သည်ဖြစ်စေ လမ်းမတော်ဖိုးတုတ် တပည့်များအပေါ် ၌ဟုတ်သည်ရှိသလို မဟုတ်သည်လည်းရှိသည်။ အဖြစ်ကတော့ပုံချမြဲဖြစ်သည်။

ပုလိပ်များသည် တစ်မြို့လုံးပစ္စည်းပျောက်လျှင် ဖိုးတုတ်၏ တပည့်များပစ္စည်းပြန်မရလျှင် ဖိုးတုတ်ထံရောက်သွားပြီဟု၍ ၎င်း



www.burmeseclassic.com

www.burmeseclassic.com



တရားခံရှာမတွေ့လျှင် ဖိုးတုတ်ကဝှက်ထားပြီးဟူ၍၎င်း၊ သက်သေများ ပျောက်ကွယ်သွားပြန်လျှင်လည်း ဖိုးတုတ်အားကြောင့်၍ဟူ၍ ၎င်း အမျိုးမျိုး မိမိကိုယ်ကိုမိမိ ကာကွယ်မြဲဖြစ်သည်။

၎င်းစွပ်စွဲချက် မှန်ပါသည်။ အချို့အမှုများ၌ ဖိုးတုတ် ၎င်း အပြုအမူများပြုကျင့်ပါသည်၊ သို့သော် ပြောသမျှသော အမှုများ၌ မဟုတ်မှန်။ အခြေအနေအရ နာမည်ကြီးရန်ဖြစ်လာသည်။

ရာဇဝတ်ဝန်ထောက်နယ်ပြောင်းရန်အမိန့်ကြသောအခါ ၎င်းဝန်ထောက်သည် လမ်းမတော်ဖိုးတုတ်အား လာရောက်တွေ့ဆုံသည်. လမ်းမတော်ဖိုးတုတ်သည် ဟိုတယ်၌ ကောင်းစွာဧည့်ခံ ကျွေးမွေးသည်။

"ရန်ကုန်မြို့မှာ ခင်ဗျားရဲ့အရှိန်အဝါကို ကျုပ်တို့မလွှမ်းမိုးနိုင်ဘူးဆိုတာ ကောင်းကောင်းသိသွားပြီဗျာ၊

"ကျုပ်တို့လို ဆင်းရဲသားကို ဘာဖြစ်လို့အဲဒီလောက်အထင်ကြီးနေရတာလဲ ဝန်ကလေးစကောသခင်"

"ကျုပ်.... အမှန်ကိုပြောတာပါ၊ ကျုပ်နဲ့ခင်ဗျားတို့ကိစ္စကို ပုလိပ်မင်းကြီးသိသွားလို့ ကျုပ်ကို နယ်ပြောင်းလိုက်တာပါဗျာ"

"ကျုပ်တို့ ဗမာလူမျိုးတွေ ပြောနေကြ ခပ်ရိုင်းရိုင်းပုံပြင် တစ်ပုဒ် ပြောပြမယ်ဗျာ၊ ဥပမာလည်းဖြစ်တာပေါ့"





"လုပ်စမ်းဗျာ၊ ကျုပ်အတွက် ဇာတ်ရသုတရလိမ့်မယ်လို့ ယုံကြည်တယ်"

လမ်းမတော်ဖိုးတုတ်သည် ရှေ့တွင်ရှိနေသည့် စားစရာများကိုယူစားလိုက်သည်။ ဝန်ထောက်စကောသည် လမ်းမတော်ဖိုးတုတ်ပြောလာမည့်ဥပမာပုံပြင်လေးကို စောင့်မျှော်နေသည်။

"တစ်ချိန်က သူဌေးကြီးတစ်ယောက်ရှိတယ်၊ သူ့မှာမြင်းတစ်ကောင်နှင့် ခွေးတစ်ကောင်ရှိတယ်၊ မြင်းက သူ ခရီးသွားရင်စီးဖို့၊ ခွေးက ခြံအစောင့်လုပ်ဖို့ပေါ့ဗျာ၊ သူဌေးကြီးဟာ မြင်းနဲ့ခွေးတို့ ကောင်းကောင်းကျွေးမွေးတယ်၊ သူ့အတွက် အားကိုးရမယ်လို့လည်း ယုံကြည်တယ်။

တစ်နေ့သောညမှာ သူဌေးကြီးရဲ့အိမ်ကို သူခိုးလာကပ်တယ်၊ ခြံစောင့်ခွေးက ခြံမစောင့်ဘဲ အိပ်နေတယ်၊ သူခိုးလာတာကိုလည်း မသိဘူး၊ အဲဒီအချိန်မှာ မြင်းက သူခိုးလာတာကိုသိတော့ သူ့သခင်နိုးအောင် ဆိုပြီး ခွာကိုဆောင့်တယ်၊ မြင်းခွာဆောင့်ပါများတော့ သခင်က နိုးလာတယ်၊ အိပ်ရေးပျက်တယ်ပေါ့ဗျာ...

... အဲဒီလို မြင်းကခွာကို အဆက်မပြတ်ဆောင့်ပါများက သခင်က ဒေါသထွက်ပြီး မြင်းကို ဝါးရင်းတုတ်နဲ့ရိုက်တယ်၊ မြင်းလည်း အရိုက်ခံလိုက်ရတော့ ခွာကို မဆောင့်တော့ဘူးပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ဘာဆိုင်လို့လဲ ကိုဖိုးတုတ်"

ဝန်ထောက်ကလေးသည်စိတ်မရှည်ဟန်နှင့် မေးနေသည်။ အရက်ရှိန်လေးရှိနေတော့ သွေးကကြွနေသည်။ အာသွက်နေသည်။

"ကျုပ်ပုံပြင်မဆုံးသေးဘူးလေဗျာ၊ အဲဒီလိုနဲ့ မနက်လင်းတော့ သူဌေးအိမ်က ပစ္စည်းတွေ သူခိုး ခိုးလို့ကုန်ပါရောလားဗျာ၊ အချုပ်ပြောရရင် ခွေးနေရာမြင်းဝင်ရှုပ်တော့ ဝါးရင်းတုတ်နဲ့ အရိုက်ခံရသလိုအနခင်ဗျားကသူများပိုင်နက်ကိုဝင်လာတော့ဒီနယ်မြေမှာရှိတဲ့ ဝန် ထောက်တွေက ဘယ်လိုထင်ကြမလဲဗျာ"

"ဟုတ်တယ်ဗျာ၊ ခင်ဗျားက လူမိုက်ဆိုပေမဲ့ ကျုပ်တွေ့ခဲ့တဲ့ လူမိုက်တွေအထဲမှာ အတော်ဆုံးပဲ၊ ကျုပ်က ကိုယ့်နေရာမှာ မနေမိတာပဲ၊ ခင်ဗျားပြောသလို ခွေးနေရာ မြင်းဝင်ရှုပ်တော့ ဝါးရင်းတုတ်နဲ့ အရိုက် ခံရသလို ကျုပ်က သေနတ်နဲ့ အနအပစ်ခံလိုက်ရပြီဗျာ၊ ကျုပ် ဒီဥပမာကို အလွန်ကြိုက်သွားပြီ၊ ဒါဟာ နယ်ကျော်သူရဲ့ သင်ခန်းစာ တစ်ခုပဲ"



## အခန်း (၂၁)

လမ်းမတော်ဖိုးတုတ်အတွက် နောက်ထပ်အရာရှိတစ်ဦးနှင့် တွေ့ဆုံရပြန်သည်။ လမ်းမတော်တိုက်နယ်တွင် လမ်းမတော်ဖိုးတုတ် နာမည်ကြီးလူမိုက်အဖြစ် နာမည်ကျော်ကြားပေမဲ့ ရင်းသည်မည်သည့် အခါမှ အမှုရင်ဆိုင်ရသည်မရှိ၍ အုပ်ချုပ်ရန်အရာရှိတစ်ဦးပြီးတစ်ဦး ရောက်ရှိလာလေသည်။ ထို့အတူ လမ်းမတော်ဖိုးတုတ်နှင့် ပုလိပ်များ တစ်ဦးကိုတစ်ဦး နားလည်မှုရှိကြသည်။

အသစ်ရောက်ရှိလာသည့် အရာရှိသည် လမ်းမတော် ဖိုးတုတ်အား ဆင့်ခေါ်လိုက်လေသည်။ ပုလိပ်အရာရှိ ခေါ်ရာသို့



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ် အရောက်လာခဲ့ပေမဲ့ ဈက်နှာတွင် မကြည်မလင်ဖြစ်နေသည်။ လမ်းမတော်ဖိုးတုတ်သည် မည်သည့်အရာရှိကိုမှ စခန်းတွင် လာရောက် တွေ့ဆုံခြင်းမရှိ။

လမ်းမတော်ဖိုးတုတ်သည် အသစ်ရောက်ရှိလာသည့်အရာရှိကို ရဲဝံ့စွာ သွားရောက်တွေ့ဆုံသည်။

"ကိုင်းကိုဖိုးတုတ် ထိုင်၊ ရေနွေးကြမ်းသောက်ဗျာ"

ပေးလာသည့်နေရာတွင် ဝင်ရောက်ထိုင်လိုက်သည်။ ပုလိပ်အရာရှိသည် လမ်းမတော်ဖိုးတုတ်၏အမူအရာကို အကဲခတ်နေသည်။ ပုလိပ်များသည် လူတစ်ယောက်ကိုတွေ့လျှင် မည်သူမဆို တရားခံတစ်ယောက်လို သဘောထားပြီး ကြည့်တတ်လေ့ရှိသည်။

"ခင်ဗျားရာဇဝင်ကလေး ကျွန်တော် မှတ်သားယူချင်လို့ပါ"

ဟုပြောလိုက်လေသည်။ ၎င်းပြောလိုက်ချိန်မှာ လမ်းမတော်ဖိုးတုတ်မျက်နှာ သိသိသာသာ ပျက်သွားသည်ကို ပုလိပ်အရာရှိ သတိထားလိုက်မိသည်။ အသစ်ရောက်ရှိလာသည့် ပုလိပ်အရာရှိ မရောက်မီ အချိန်တွင် လမ်းမတော်ဖိုးတုတ်နှင့် တပည့်များသည် ရန်ကုန်မြို့ပေါ်ရှိ ဌာနများမှာ အမှုပေါင်း ငါးဆယ်ကျော်ခန့် ကျူးလွန်ပြီးဖြစ်လေသည်။ ပေါ်ပေါက်လာသည်ဟူ၍လည်းမရှိ ထုံးစံအတိုင်း မစွည်းရှာ၊ လူစစ်၊ သက်သေစစ်ပြီးလျှင် စုံထောက်မရမှုအဖြစ် ပိတ်ရ





သည်ကများသည်။

သို့သော် လမ်းမတော်ဖိုးတုတ်အပေါ်၌ကား ကျင့်ထုံးပုဒ်မ ၁၀၉ (အသက်မွေးဝမ်းကျောင်းမလုံလောက်ခြင်း)၊ ကျင့်ထုံးပုဒ်မ ၁၁၀ (အမျိုးမျိုးသော ရာဇဝတ်မှုများကို အမြဲကျူးလွန်တတ်သူဟု ကျော်ဇော သတင်းရှိခြင်း) စသော ရဲအရေးပိုင်ကျင့်ထုံးပုဒ်မများဖြင့် မည်သည့် အချိန်အခါကမျှ အရေးယူခဲ့ခြင်းမရှိပေ။ လမ်းမတော်ဖိုးတုတ်၏ ရာဇဝင်ကိုလည်း မှတ်တမ်းတင်ခြင်းလည်း မရှိခဲ့ပေ။

ရာဇဝတ်ဌာနလက်စွဲတွင် လူဆိုးတစ်ဦးတစ်ယောက်ကို မြင်မြင်ခြင်း ဥပဒေအရ အရေးယူလိုလျှင် ရဲအဖွဲ့တွင် ထိုလူဆိုး၏ အပေါ်တွင် ရာဇဝင်ဖွင့်လျက် စောင့်ကြပ်ကြည့်ရှုခြင်းရှိရမည်ဟု အတိအလင်းညွှန်ကြားခဲ့သည်။ ထို့အတွက်ကြောင့် လမ်းမတော်ဖိုးတုတ်၏ ရာဇဝင်ကို ရေးသားရန် ဆင့်ခေါ်လိုက်ခြင်းဖြစ်သည်။ လမ်းမတော်ဖိုးတုတ်၏ရာဇဝင်အကျဉ်းကို ရေးသားမှတ်တမ်းတင်လိုက်ရပါသည်။

သက္ကရာဇ် ၁၂၅၁ ခုနှစ် ဟံသာဝတီခရိုင် သာရစ်ရွာ၊ အဘဦးစံညိမ်၊ အမိ ဒေါ်ချစ်ပုတို့၏ သားဖြစ်ပြီး အစ်ကို ဦးဘိုးသီ၊ အစ်မ မမကြီး၊ မမလေး၊ ညီ မောင်ဘိုးသိန်း မွေးချင်းငါးယောက်အနက် တတိယမြောက်ဖြစ်သည်။ ရန်ကုန်မြို့ ကုန်သည် ဦးဘိုးသင်ထံတွင် လာရောက် နေထိုင်သည်။ ဦးဘိုးသင်ထံတွင် ကား စပါယ်ရာ၊ ရေရောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်လျက် အသက် (၁၄-၁၅) နှစ်အရွယ်ခန့်ဖြစ်သည်။ ကြီးပြင်းလာသောအခါ ဦးဘိုးသင်၏ကားကို မောင်း၍ အငြိမ့်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးရင်း ဇာတ်အဖွဲ့နှင့် ရင်းနှီးလာသည်။ ထိုအချိန်မှစ၍ အငြိမ့်ထောင်ခြင်းစသောအလုပ်ကို စွဲစွဲမြဲမြဲ မလုပ်သော်လည်း တစ်ခါတရံ လုပ်ကိုင်လေ့ရှိသည်။

ဟု ပုလိပ်အရာရှိထံ ထွက်ဆိုခဲ့လေသည်။ လမ်းမတော်ဖိုးတုတ်သည် ကုန်သည်လောကနှင့် ဆက်သွယ်နေရာကာ ပွဲပကွများတွင် ဝင်ရောက်စွက်ဖက်တတ်၏။ သတ္တိရှိသူတစ်ယောက်အဖြစ် အများက ကြည့်ညိုလေးစားကြသည်။ လမ်းမတော်ဖိုးတုတ်၏ ရှေ့က အမှုများသည် ခိုးခြင်း၊ လုယက်ခြင်းမရှိ။ ရိုက်မှု၊ ဓားထိုးမှု စသည့် လူကိုကျူးလွန်သောအမှုတွေကိုသာ တွေ့ရှိရသည်။

နောက်ပိုင်းတွင် လမ်းမတော်ဖိုးတုတ်သည် ဘယ်အရာကိုမှ ကိုယ်တိုင်မဆောင်ရွက်တော့။ တပည့်များ၏ လုပ်ရပ်ကို အဝေစုခွဲပေးခြင်း၊ ထုခွဲခြင်း၊ ပစ္စည်းခွဲပေးခြင်း အလုပ်များကိုသာ လုပ်နေသည်။ လမ်းမတော်ဖိုးတုတ်၏ အသက်မွေးဝမ်းပြုရာတွင် လမ်းမတော်ဖိုးတုတ်သည် လူမိုက်များ၏ဆရာအဖြစ်နှင့် မည့်သည့်အခါမှ သစ္စာမဖောက် တည်ကြည်မှန်ကန်စွာ အုပ်ချုပ်လေသည်။



## အခန်း (၂၂)

လမ်းမတော်ဖိုးတုတ်သည် အလွန်သတ္တိရှိသည်။ တပည့်များအပေါ် ချစ်ခင်သည်။ ဌာနအရာရှိများနှင့်လည်း အလွန်ရင်းနှီးသည်။ လမ်းမတော်ဖိုးတုတ် ဘဝတွင် ထူးခြားသောအမှုတစ်ခုဖြစ်ခဲ့လေသည်။ ၎င်းအမှုမှာ လူသတ်မှုဖြစ်သည်။ သေဆုံးသူသည် တခြားသူမဟုတ်။ လမ်းမတော်ဖိုးတုတ်နှင့် အလွန်ရင်းနှီး၍ အတူသွားအတူလာ စားတူ သောက်ဖက် ရဲမှူး (ရှေးအခေါ်ရုံးအင်စပိတ်တော်) ဦးဟုတ်ဂွမ်း သေဆုံးမှုဖြစ်သည်။

ဦးဟုတ်ဂွမ်း၏အလောင်းသည် ကြည့်ရှုမကောင်းလှပေ



www.burmeseclassic.com

www.burmeseclassic.com



သော ဒဏ်ရာဖြင့် သေဆုံးနေသည်။

အချိန်သည် အလွန် မှောင်မိုက်နေသည်။ ဗဟန်းရဲဌာနမှ ကင်းလှည့်နေသည်။ ကင်းလှည့်နေသော ရဲသားများသည် ရွှေဂုံတိုင်လမ်း အတိုင်း ထွက်ခွာနေကြသည်။ ရွှေဂုံတိုင်လမ်းသည် (၁၀) ပေလောက်သာ ကျယ်သည်။ လမ်းတစ်ဖက်တစ်ချက် ချုံသစ်ပင် စသည့်တို့ဖြင့် ပိတ် ဖုံးရောနေသည်။ ညအချိန်၌ မှောင်ပိတ်နေသည်။ လမ်းမီးထွန်းညှိခြင်း မရှိသေးသော ကာလဖြစ်သည်။

"ဟာ... ဟိုမှာလူတစ်ယောက်ပါလား"

"ဟုတ်ရဲ့လား... သေချာကြည့်ပါစမ်းပါအုံး"

တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် အလွန်တုန်လှုပ်သွားပြီး စိတ်မကောင်းဖြစ်သွားသည်။ သေဆုံးသူသည် ရပ်ကွက်လုပ်ဖော်ကိုင်ဖက် အလွန်ရင်းနှီးရသော မိတ်ဆွေတစ်ယောက်ဖြစ်နေသည်။ အလွန် ဝမ်းနည်းကြေကွဲသွားသည်။

သေဆုံးသူ၏ အနီးတွင် ဖိနပ်တစ်ရံ၊ ဦးထုပ်တစ်လုံး၊ လန်ခြားဘီး လက်တံတုတ်တစ်ချောင်းနှင့် ဓမ်တော်ပေါင်းဘီးရာများကို တွေ့ရှိကြလေသည်။ လန်ခြားအပျက်တစ်စင်းလည်း အနီးအနားချုံ့တွင် လဲကျနေသည်ကို တွေ့လိုက်ရလေသည်။ ပုလိပ်များသည် ရဲလုပ်ထုံးလုပ်နည်းအတိုင်း ပြုလုပ်ပြီး အလောင်းကို ဌာနသို့ သယ်ယူ





သွားကြသည်။

အလောင်းတွင် ရင်ဝမှာ ဓားဒဏ်ရာတစ်ချက်၊ ကိုယ်ပေါ်တွင် တုတ်ဒဏ်ရာများ တွေ့ရှိရသည်။ အလောင်းကို ဆေးရုံရင်ခွဲခန်းသို့ ဆောင်စစ်ဆေးကြသည်။ သက်ဆိုင်ရာ ရဲစုံထောက်များထံ ဖုန်းဆက်ပြီး လသာလမ်းဌာနတွင် စုရုံးစေရန် အမိန့်ထုတ်လိုက်သည်။ ပုလိပ်ကြီးငယ်များ ယောက်ယက်ခတ်နေကြသည်။

အလယ်ပိုင်း ရဲဝန်ထောက်မှာ မစ္စတာလုဒ္ဒါးဖြစ်၍ အရှေ့ပိုင်းမှ ဦးထွန်းအုံး၊ အနောက်ပိုင်းမှ မစ္စတာစမတ်သောမင်တို့ ဖြစ်သည်။ အားလုံးသည် ဦးဟုတ်စွမ်းကိစ္စနှင့် ပတ်သက်ပြီး တရားခံကိုဖော်ထုတ်ရန် သဲလွန်စများကို ရှာဖွေစဉ်းစားရန် ဆွေးနွေးတိုင်ပင်ကြလေသည်။

"ဦးဟုတ်စွမ်းရဲ့ အရင်းနှီးဆုံးသူဟာ ကိုဖိုးတုတ်ပဲ"

"ဟုတ်တယ် ကိုဖိုးတုတ်ဟာ အဓိကဖြစ်နိုင်တယ်"

"ကျုပ်တို့ ကိုဖိုးတုတ်ကို ရှာဖွေရမယ်"

အရာရှိအားလုံးသည် လမ်းမတော်ဖိုးတုတ်ဘက်ကိုပဲ မဲကျသွားလေသည်။ ရင်းမှတ်ချက်သည် အလွန်မှန်ကန်သည်။ လမ်းမတော်ဖိုးတုတ်နှင့် ဦးဟုတ်စွမ်းသည် အလွန်ရင်းနှီးသည်။ လမ်းမတော်ဖိုးတုတ် နှင့် ဦးဟုတ်စွမ်းတို့သည် မကြာခဏ ညနေရုံးဆင်းချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတုတ်၏တူမ ဦးဘသိန်း ဒေါ်ကြင်တို့၏သမီး ခင်ခင်

## အခန်း(၂၃)

အချိန်အတန်ကြာချိန်တွင် ပုလိပ်အဖွဲ့ဝင် လူငယ်ပုလိပ်ရဲတပ်ဖွဲ့ဝင် တစ်ယောက်ရောက်ရှိလာသည်။

"ဟော့ ဘာထူးလို့လဲ"

"လမ်းမတော်ဖိုးတုတ်ကို တွေ့ခဲ့ပါပြီ"

"ဟေ ဘယ်မှာလဲ"

သတင်းကောင်းတစ်ခုဖြစ်နေသည်။ အားလုံး ဝမ်းသာကုန်ကြလေသည်။

ကိုဟုတ်ဂွမ်း အသတ်ခံရမှုမှာ လမ်းမတော်ဖိုးတုတ်က



www.burmeseclassic.com

www.burmeseclassic.com



အဓိကဖြစ်နေသည်။ လမ်းမတော်ဖိုးတုတ်ကိုတွေ့ရင် ထိုအမှု ပေါ်ပေါက်လာ မည်ဆိုတာ ကောင်းစွာသိနေကြသည်။ ဦးဟုတ်ဝွမ်းကို လမ်းမတော်ဖိုး တုတ်မသတ်ရင်တောင် သတ်သည့်တရားခံကို ဖော်ထုတ်နိုင်သည်ဆို တာ အားလုံးက သိနေကြသည်။

"ကျုံးကြီးလမ်း လင်းတိုင်းဟော်တယ်အပေါ်ထပ်မှာအရက် အလွန်အကျွံမူးပြီး အိပ်နေပါတယ်ဆရာ"

"အေးဒါဆို အခုသွားမယ်"

မစ္စတာလုဒွါးခေါင်းဆောင်သည့်အဖွဲ့သည် လမ်းမတော်ဖိုး တုတ်အိပ်နေသည့် လင်းတိုင်းဟော်တယ်ကို ထွက်ခဲ့ကြသည်။ ဟော်တယ်သည် လူအဝင်အထွက် ရှုပ်နေသည်။ ပုလိပ်များရောက်ရှိလာ၍ အားလုံး ထိတ်ထိတ်လန့်လန့်ဖြစ်ကုန်သည်။

ပုလိပ်ဝန်ထောက်သည် လမ်းမတော်ဖိုးတုတ် ဘယ်မှာလဲ မေးလိုက်သည်။ အပေါ်ထပ်မှာ အိပ်နေကြောင်းပြောသည်။ အားလုံး ဖိုးတုတ်အခန်းကို တက်သွားသည်။ လမ်းမတော်ဖိုးတုတ်မှာ လွန်ခဲ့သည့်ညက သောက်ထားသည့် အရက်ရှိန် မပြေသေး။ ရုပ်ရည်မှာ မှုန်သိုးသိုးနှင့် အရက်နံ့များ ထောင်းထောင်းထနေသည်။

"ဦးထွန်းအုံး ကိုဖိုးတုတ်ကို ဆေးရုံပို့ပြီး ခင်ဗျား လောလောဆယ် တာဝန်ယူထားပါ"





"ဟုတ်ကဲ့ ပုလိပ်မင်းကြီး"

ဝန်ထောက်မင်းဦးထွန်းအုံးသည်အမှုစစ်များစီစဉ်ကြပ်မတ်ပြီးလမ်းမတော်ဖိုးတုတ်ကို ဆေးရုံပို့လိုက်ကြသည်။ ၎င်းသည် အရက်ရှိန်ကြောင့် လန်းဆန်းမှုမရှိ၊ ထိုင်းမှိုင်းနေသည်။

လက်ရှိအချိန်တွင် လမ်းမတော်ဖိုးတုတ်သည် ပုလိပ်များအတွက်အလွန်အရေးပါနေသည်။ လမ်းမတော်ဖိုးတုတ်တစ်ခုခုဖြစ်သွားရင် လူသတ်မှု အစပျောက်သွားနိုင်သည်။ ထို့အတွက်ကြောင့် ဂရုစိုက်နေကြရသည်။

လမ်းမတော်ဖိုးတုတ် ဆေးရုံမှ ပြန်ရောက်သည့်အခါ အမှုစစ်သူ ဗဟန်းဌာနအုပ် ဦးစံထွန်းရင်၊ အမှုလိုက် ရဲအုပ် ဦးအုန်း၊ ရဲအုပ် ဦးဘအောင်၊ လသာလမ်း ဌာနအုပ် မစ္စတာဘော်ဇရေး၊ လမ်းမတော် ဌာနအုပ် ဦးသန်းရွှေတို့က လမ်းမတော်ဖိုးတုတ်ကို စစ်ဆေးရန် တာဝန်ယူကြသည်။ အမှုစစ်များသည် လမ်းမတော်ဖိုးတုတ်ကို စစ်ဆေးသော်လည်း အဖြေမှန် ထွက်ပေါ်လာခြင်းမရှိအောင်ဖြစ်နေသည်။

၎င်းတို့သည် လမ်းမဓော်ဖိုးတုတ်ကို ချော့တစ်ခါ ခြောက်တစ် လှည့်စစ်ဆေးရာ သာမန်အဖြစ်အပျက်များကို သိခွင့်ရလိုက်သည်။ လမ်းမတော်ဖိုးတုတ်သည် အခင်းဖြစ်ရခြင်းအကြောင်းကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခင်းဖြစ်ပုံမှာ လမ်းမတော်ဖိုးတုတ်၊ အုန်းဖေ၊ ထွန်းတင်တို့သည် အခင်းဖြစ်သည့် ညနေစောင်းတွင် လမ်းမတော် ကားဆိပ်မှ အငှား ကားတစ်စင်းကို ဆွဲယူ၍ မြို့ပတ်စီးကြသည်။ လမ်းမတော် အရက်ဆိုင်တစ်ဆိုင်တွင် အရက်သောက်ကြသည်။ ထို့နောက် ကားဖြင့် လှည့်ပတ်ခဲ့ရာ သေဆုံးသူ ဦးဟုတ်ဂွမ်းသည် အရက်မူးလျက် မြေနီကုန်းပုလိပ်လက်ပြဂိတ်တွင် လက်ပြသည်ကို တွေ့ရာမှ ၎င်းတို့နှင့်အတူ လိုက်၍ အရက်သောက်ကြပြန်သည်။ ထို့နောက် လမ်းမတော်ဖိုးတုတ် နောက်လိုက်တပည့်အုန်းဖေ၊ ထွန်းတင်တို့နှင့် စကားများရာ ဦးဟုတ်ဂွမ်းက ၎င်းတို့ကို ဆဲဆိုသည်။

၎င်းနောက် ကားနှင့်ထွက်ခဲ့ရာ ထွန်းတင်က ကားကို ရွှေဂုံတိုင်လမ်းသို့မောင်း၍ လမ်းမရောက်မီနေရာတွင် ဦးဟုတ်ဂွမ်း ပြောဆိုသည်ကိုမခံနိုင်၍ အုန်းဖေကရင်ဝကို ဓားနှင့်တစ်ချက်ထိုးလိုက်သည်။

ဦးဟုတ်ဂွမ်းမှာ အရက်မူးနေသည့်အတွက် ဓားထိုးခံရ၍ ရှေ့စိုက်လဲသွားသည်။ လမ်းမတော်ဖိုးတုတ်က နောက်ထပ်မလုပ်ရန် တားမြစ်သည်။ ထို့နောက် လမ်းမတော်ဖိုးတုတ်သည် မိတ်ဆွေအရင်းချာဖြစ်သည့် ဦးဟုတ်ဂွမ်းကို ငုံ့ကြည့်လိုက်မိသည်။ ရွှေဂုံတိုင်လမ်း၌ လူနေ အိမ်ခြေမရှိသေး၊ ဓာတ်မီးအလင်းရောင်မရှိလှသဖြင့် ဦးဟုတ်ဂွမ်း၏ ဒဏ်ရာမည်မျှကြီးကျယ်သည် မသိအောင်ဖြစ်သွား





သည်။

သို့သော် သေမည်ဟုပင် လမ်းမတော်ဖိုးတုတ် ယူဆလိုက်သည်။ ထိုအခါ အနီးအနားတွင် လန်ခြားကျိုးတစ်စီးမှ ဘီးကျိုးကို ယူ၍ အဆုံးစီရင်မှုတစ်ပါး အခြားလုပ်စရာမရှိဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဦးဟုတ်ဂွမ်းအား ရိုက်လိုက်သည်။ ထို့နောက် သေမသေစစ်ဆေးပြီး ကားနှင့်ထွက်ခဲ့လေသည်။

လမ်းမတော်ဖိုးတုတ်မှာ စကားမပြောတော့။ မိမိ၏တပည့်များ ပြုမူခြင်းကို ကျေနပ်၍မဟုတ်။ လက်လွန်ခြင်းကို တားမြစ်ရန်လည်း မဖြစ်နိုင်တော့။ ၎င်း၏ဆရာလည်းဟုတ်၊ မိတ်ဆွေလည်းဟုတ်သူ ဦးဟုတ်ဂွမ်းကို ကယ်တင်ရန်လည်း လမ်းစရှာမတွေ့၊ ဝေဒနာခံစားနေရမည့်အစား မိမိပင် ဦးဟုတ်ဂွမ်းကို ရိုက်သတ်လိုက်ရသည်။

ထိုအချိန်ကာလတွင် လမ်းမတော်ဖိုးတုတ်၏စိတ်ထဲတွင် တပည့်အုန်းဖေနှင့်ထွန်းတင်တို့ပြုမူခြင်းကိုမကျေနပ်၊ ဦးဟုတ်ဂွမ်း၏ အသက်ကို ကယ်တင်ရန် အကြောင်းအပေါက်အလမ်းမရှိတော့သဖြင့် မိမိ၏တပည့်များကို ဆုံးမလိုက အခြားနည်းနှင့် ဆုံးမလျက် လူသတ်မှုကြီးကို ကာကွယ်ရသည်။

ဦးဟုတ်ဂွမ်းဘက်မှလိုက်၍ ခုခံရန်လည်း လက်လွန်သွားသည်။ လမ်းမတော်ဖိုးတုတ်သည် ဦးဟုတ်ဂွမ်းကို အုန်းဖေနှင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



တင်ထိုးသတ်ပါသည်ဟုဗ္ဗာနသို့တိုင်တန်းလျှင်ဒင်းပါတရားခံဖြစ်မည်မှာ အမှန်မလွဲပေ။ ထိုအချိန်တွင် အရက်မူးနေသည့် ကိုဖိုးတုတ်။

လူမိုက်များ၏ဆရာဖြစ်သော လမ်းမတော်ဖိုးတုတ်အတွက်ကား ဦးဟုတ်ဂွမ်းကို ကိုယ်တိုင်ရိုက်သတ်ရသော အဖြစ်မျိုးမှလွဲ၍ အခြားကာယ်တင်ရန် နည်းလမ်းမရှိအောင်ဖြစ်သွားပေတော့သည်။

အခန်း(၂၄)

ထိုညကဖြစ်ရပ်တွင် ပါဝင်သော အုန်းဖေနှင့် ထွန်းတင်ကို သွားရောက်ဖမ်းဆီးလိုက်ကြသည်။

လမ်းမတော်ဖိုးတုတ်သည်အလွန်ပါးနပ်သည်။ ဒင်း၏အစစ်ခံချက်၌ကွယ်ဝှက်ခြင်းမရှိ။ ရဲအရာရှိများကပြောသောစကားများသာဖြစ်၍တရားရုံးတွင်ရဲကတင်ပြနိုင်ခွင့်မရှိကြောင်းလမ်းမတော်ဖိုးတုတ်နားလည်သည်။

ရုံးတွင် ထည့်သွင်းအသုံးပြုနိုင်သော အစစ်ခံချက်မျိုးမှာ တရားသူကြီးရှေ့မှောက်တွင် ရဲအရာရှိ၏အုပ်ချုပ်မှု ကင်းလျက်



www.burmeseclassic.com

www.burmeseclassic.com



ပယောဂမပါသောသော ဖြောင့်ဆိုချက်မှသာ ဖြောင့်ချက်ဟု ခေါ်ဆို အသုံးပြုနိုင်၏။ ထိုအမှုတွင် တရားခံတစ်ယောက်ဖြစ်သော အုန်းဖေက တရားသူကြီးရှေ့တွင် ဖြောင့်ချက်ပေးခဲ့သေးသည်။ အခြားသက်သေခံချက် များမှာ ဖိုးတုတ်၊ အုန်းဖေ၊ ထွန်းတင်တို့သွားလာရာ အရပ်များ၊ အရက်ဆိုင်၊ ကားဆိပ်မှသက်သေဖြစ်သည်။ မျက်မြင်သက်သေဟူ၍မရှိ။ အောက်ရုံးတွင်တရားစွဲတင်သည့်အချိန်၌ရဲဘက်မှ အုန်းဖေ၏ဖြောင့်ချက်ကိုသာ အမှီသဟဲပြုကြောင်း ထင်ရှား၏။

လမ်းမတော်ဖိုးတုတ်နှင့် ထွန်းတင်တို့ဘက်မှ မိမိတို့သည် ထို အချိန်အခါတွင် အခြားအရပ်ဒေသတွင်ရှိကြောင်း ဖြစ်သည်။ ဤအဆိုမှာ ပုလိပ်အဖွဲ့အဖို့မထူးဆန်းလှပေ။ ရာဇဝတ်မှုအများအပြားတွင် တရားခံများ အမှုဖြစ်ချိန်တွင် မိမိတို့သည် အခြားတစ်နေရာ၌ ရှိပါသည် ဆိုသော ကာကွယ်လုံးမှာ ရိုးလျက်ရှိချေသည်။ သို့သော် ပုလိပ်အဖွဲ့ကလည်း ထိုအချိန်အခါ၌ လမ်းမတော်ဖိုးတုတ်၊ ထွန်းတင်တို့သည် အုန်းဖေ၏ဖြောင့်ချက်ကို ထောက်ခံသောအနေနှင့် သေသူနှင့်အတူရှိသည် ဟု ထင်ရှားသက်သေမပြနိုင်အောင်ဖြစ်နေသည်။

အုန်းဖေ၏ဖြောင့်ဆိုချက်ကို အမိကထား၍ အောက်ရုံးတရားသူကြီးက ဟိုက်ကုတ်လွှတ်တော်တွင် တစ်ဆင့် ဆက်လက်စစ်ဆေးရန် ပို့ခဲ့လေသည်။



## အခန်း(၂၅)

အမှုစစ်နေစဉ် လမ်းမတော်ဖိုးတုတ်၏ဇနီး ရုံးသို့ မိန်းမဖော်ကြီး ၂ယောက်နှင့် နေ့တိုင်းလာသည်။ ၎င်းအမှုဖြစ်နေချိန်တွင် လမ်းမတော် ဖိုးတုတ်တို့ ဇနီးမောင်နှံမှာ အသက် ၃၅ နှစ်ခန့်သာ ရှိကြသေးသည်။ လမ်း မတော်ဖိုးတုတ်၏ရှေ့နေနှင့်ဇနီး ဒေါ်သင်းမြမှာ ရင်းနှီးမှုသိပ်မရှိ။ သို့ရာတွင် တာဝန်ကိုကျေပွန်စွာဆောင်ရွက်နိုင်စွမ်းရှိသဖြင့် နာမည်ကြီး ဝတ်လုံများ၏ ကူညီမှုကို ပြည့်ဝစွာ ရရှိနေသည်။

ပုလိပ်အဖွဲ့အဖို့ အလွန်နစ်နာစေသော အချက်လည်းရှိသေးသည်။ လမ်းမတော်ဖိုးတုတ်ကို ဖမ်းဆီးစစ်နေစဉ် လသားလမ်း



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်ဌာနအချုပ်ခန်းတွင် ထားခဲ့သည်။ ဖိုးတုတ်သည် ဉာဏ်ရှိသူဖြစ်သည်၊ ထိုအချိန်၌ ပုလိပ်အဖွဲ့ဝင်များသည် ၎င်းအား ထိုးကြိတ်စစ်ဆေးကောင်း စစ်ဆေးလိမ့်မည်။ သို့သော် မည်သူမျှ အတိအကျ မပြောနိုင်၊ ထိုအချုပ် ခန်းထဲနေစဉ် ဖိုးတုတ်၏မျက်နှာတွင် ဒဏ်ရာရစေခဲ့သည်။

၎င်းဒဏ်ရာနှင့်ပတ်သက်၍ တရားသူကြီးကမေးသည်၊

"အချုပ်ခန်းသံတိုင်နဲ့ဆောင့်မိတာပါ"

ဟုဖြေလိုက်သည်၊ လမ်းမတော်ဖိုးတုတ်၏ရှေ့နေကြီး ဦးကျော်ဖိုးသည်အလွန်ကျွမ်းကျင်လှသည်။ မလိုအပ်သောစွပ်စွဲချက်ကိုမပြု။ အုန်းဖေ၏ဖြောင့်ဆိုချက်ဖြစ်ရတည်းဟင်လျှင်ထောက်ခံချက်ကင်းမဲ့သောကြောင့် အပြစ်တစ်စုံတစ်ရာ မပေးနိုင်ကြောင်း သိပြီးသား ဖြစ်နေသည်။ အမှုတစ်ခုလုံးအနေဖြင့်ကြည့်လျှင် တရားစွဲဆိုသင့်သောအမှုဟူ၍ပင် ဆိုရန်ခဲယဉ်းလှ၏။ ရဲဘက်အချက်များသည် လုံလောက်သောအခြေခံမရှိ။ အပေါ်ရံအရေးမကြီးသောအချက်များသာဖြစ်သည်။

အမှုတစ်ခုတွင် တရားဥပဒေက သံသယဖြစ်ဖွယ်ရာရှိခဲ့သော် ထိုသံသယ၏အကျိုးကို တရားခံသည် ခံစားခွင့်ရှိသဖြင့် ကိုဖိုးတုတ်နှင့်အပေါင်းပါများမကြာမီပင် လွတ်မြောက်ခဲ့တော့သည်။ ၎င်း





အမှုတွင် လမ်းမတော်ဖိုးတုတ်သည် ကွက်ကျော်မြင်ခဲ့သည်။ အကယ်၍ ၎င်းကိုယ်တိုင်ဖြောင့်ချက်ပေးခဲ့လျှင် ၎င်း၏ မျက်နှာပေါ်ရှိ ဒဏ်ရာများကို ပြ၍ ပုလိပ်ကရိုက်နှက်၍ စစ်ဆေးကြောင်းပင် ပြန်လှန်စွပ်စွဲရန် အသင့်ဖြစ်ခဲ့သည်။ အလွန်ကျင်လည်သူပင်တည်း။ လမ်းမတော်ဖိုးတုတ် ထောင်ကလွတ်လျှင် ပုလိပ်အဖို့အလွန်မှပင် ဂုဏ်မဲ့သောနေ့ဖြစ်သလောက် လမ်းမတော်ဖိုးတုတ်နှင့်တပည့်များ အလွန်ပျော်ရွှင်ဆုံးနေ့ဟု ယူဆဖွယ်ရာ ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ်

## အခန်း(၂၆)

လမ်းမတော်ဖိုးတုတ် အမှုမှလွတ်မြောက်သွား၍ တပည့်များပျော်ရွှင်နေပေမယ့်လည်း လမ်းမတော်ဖိုးတုတ်အတွက်သော့ စိတ်မချမ်းမြေ့စရာများကြုံတွေ့နေရသည်။ လမ်းမတော်ဖိုးတုတ်သည် ကျေးဇူးရှင်မိတ်ဆွေကြီးသေဆုံးမှုအတွက်သောကရောက်နေသည်။ တပည့်များ၏မိုက်မဲမှုကြောင့် လူတစ်ယောက်၏အသက် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် လမ်းမတော်ဖိုးတုတ်သည် လူမိုက်ဘဝကို စိတ်ကုန်လာသည်။ ပုလိပ်အဖွဲ့များကလည်း လမ်းမတော်ဖိုးတုတ်အပေါ်တွင်ရန်ငြိုးဖွဲ့လိုလာကြသည်။ ၎င်းကို[illegible]ထား



www.burmeseclassic.com

www.burmeseclassic.com



ရန် မဖြစ်နိုင်မှန်း သိရှိပြီးတစ်ခုခုလုပ်ရန် ဆုံးဖြတ်သည်။ လမ်းမတော်ဖိုးတုတ်ကို ဥပဒေ စည်းကမ်းဘောင်အတွင်းမှ ချုပ်ချယ်ထားရန်ဖြစ်သည်။ ၎င်းချုပ်ချယ်မှုကို လမ်းမတော်ဖိုးတုတ်က လက်ခံ၍ ရာဇဝတ် အက်ဥပဒေ ၁၀၉ သို့မဟုတ် ပုဒ်မ ၁၁၀ အရ ကောင်းမွန်စွာ နေထိုင်ပါမည်ဟု ရုံးမင်းရှေ့၌ ဝန်ခံကတိပေးလိုက်လေသည်။

ထိုသို့ လက်မှတ်ထိုးပြီးနောက် လမ်းမတော်ဖိုးတုတ် ဘုရားငုတ်တိုလမ်း (ယခုဘုန်းကြီး)လမ်း သရက်တော ဘုန်းကြီးကျောင်းတွင် သက်နန်းဝတ်ပြီးကောင်းမွန်စွာနေထိုင်လျက်ရှိနေသည်။ လမ်းမတော်ဖိုးတုတ် ယခုအကြိမ် သက်နန်းဝတ်ခြင်းသည် (၆) ကြိမ်မြောက်ဖြစ်၍ဇနီးသည် ဒေါ်သင်းမြမှာ ၎င်းအတွက် ဆွမ်းကွမ်းလိုလေသေးမရှိ နေစဉ် ဆောင်ရွက်ပေးလျက်ရှိနေပေတော့သည်။

လမ်းမတော်ဖိုးတုတ်၏မိတ်ဆွေများဖြစ်သည့် မင်းသားကျော်စိုး၊ ခင်မောင်ရင်၊ ရွှေကျီးညို့တို့လည်း လာရောက်နှုတ်ဆက်လှူဒါန်းကြသည်။ ၎င်းတို့သည် လမ်းမတော်ဖိုးတုတ် အ ူဖြစ်စဉ်ကလည်းအမြဲလိုလာရောက်တွေ့ဆုံအားပေးကြသည်။ လ ်းမတော်ဖိုးတုတ်အ တွက် ခင်မင်ရသူများဖြစ်ကြသည်။



## အခန်း(၂၇)

၁၉၄၂ခုနှစ်တွင် အရှေ့ဖျားကမ္ဘာစစ်ကြီးသည် မြန်မာနိုင်ငံအတွင်းသို့ စီးနင်းဝင်ရောက်လာသည်။ ဂျပန်များနှင့် ရဲဘော်သုံးကျိပ်တို့ ပူးပေါင်းတိုက်ခိုက်ကြ၍ အင်္ဂလိပ်များ ဆုတ်ခွာထွက်ပြေးကုန်ကြသည်။ ဂျပန်များသည် ရန်ကုန်မြို့အတွင်းကို ဝင်ရောက်သိမ်းပိုက်ကြသည်။ ရန်ကုန်မြို့နေသူများ လွတ်ရာကိုထွက်ပြေးကြသည်။ ထိုအထဲတွင် လမ်းမ တော်ဖိုးတုတ်တို့မိသားစုလည်း ပါဝင်နေသည်။

လမ်းမတော်ဖိုးတုတ်တို့ မိသားစုသည် တွံတေးဝက်ကင်းတို့ ပြေးကြသည်။ ထိုမှတစ်ဆင့် လမ်းမတော်ဌာနအုပ်လုပ်ခဲ့ဖူးသည့်



www.burmeseclassic.com

www.burmeseclassic.com



ဌာနအုပ်.ကိုပညာ၏အကူအညီကြောင့် ဆိပ်ကြီးကို ပြေးကြသည်။ အင်္ဂလိပ်တွေပြေးပြီး ဂျပန်တွေ အုပ်ချုပ်တော့မှ ရန်ကုန်မြို့ကိုပြန်ရောက်ကြသည်။ ရန်ကုန်မြို့ကို ဗိုလ်မိုးကြိုးတို့ အုပ်ချုပ်နေချိန်တွင် လမ်းမတော်ဖိုးတုတ်နှင့် တွေ့ရှိသွားသည်။ လမ်းမတော်ဖိုးတုတ်သည် ရဲဘော်သုံးကျိပ်ကို အကူအညီများစွာပေးသည်ဆိုတာကို သိနေသည်။

လမ်းမတော်ဖိုးတုတ်သည် အခွင့်ကောင်းကို ယူတတ်သည်။ လမ်းမတော်ဖိုးတုတ်သည် ဗိုလ်မိုးကြိုးကို မြို့တော်ခန်းမတွင် ပထမဆုံး ညှော်ခံပွဲကျင်းပပေးသည်။ ဗိုလ်မိုးကြိုးသည် လမ်းမတော်ဖိုးတုတ်၏အစွမ်းအစကို သိသွားသည်။

"ကိုဖိုးတုတ်လိုလူမျိုးရှိနေတာ ကျုပ်တို့အတွက် အားကိုးရတယ်ဗျာ"

"ကျွန်တော် တတ်နိုင်တဲ့ဘက်က ကူညီဖို့ အသင့်ပါပဲ။ ဗမာလူမျိုးတွေ အေးချမ်းစွာ နေထိုင်စားသောက်လုပ်ကိုင်ခွင့်ရရင် ကျေနပ်ပါတယ်"

"ကျုပ်ကလည်း အဲဒါကိုပဲ လိုချင်ပါတယ်။ ဗမာလူမျိုးတစ်ယောက်အနေနဲ့ ဗမာလူမျိုးတွေကို စောင့်ရှောက်ပေးသူတွေကိုပဲ လိုလားပါမယ်"

"စိတ်ချပါ ကျွန်တော့်နယ်မြေအတွက် အေးချမ်းစေရပါမယ်"





လမ်းမတော်ဖိုးတုတ်စကားအတွက် ဗိုလ်မိုးကြိုး ကျေနပ်သွားသည်။ ဗိုလ်မိုးကြိုးသည် လမ်းမတော်ဖိုးတုတ် ညှော်ခံကျွေးမွေးတာကို ကောင်းစွာစားသောက်နေသည်။ လမ်းမတော်ဖိုးတုတ်သည် လမ်းမတော်အပိုင်ကို အေးချမ်းစွာ အုပ်ချုပ်နိုင်မည်ဆိုတာ ကောင်းစွာ သိနေသည်။

"ကျုပ်တို့က အင်္ဂလိပ်တွေနဲ့ တိုက်ပွဲဝင်ရသူတွေဆိုတော့ အခြေအနေက ဘာဖြစ်မယ်မသိသေးဘူး။ အဲဒီတော့ ခင်ဗျားကိုတစ်ခုလောက် အကူအညီတောင်းလို့ရမလား"

"ကျွန်တော် ဘာကူညီရမလဲ"

"တခြားမဟုတ်ပါဘူး ခင်ဗျား ရန်ကုန်မြို့ကို အုပ်ချုပ်ပေးပါ။ ခင်ဗျားအတွက် မြင်းတစ်ကောင်နဲ့ ယူနီဖောင်း ကျုပ်ထုတ်ပေးမယ်။ ဘယ့်နှယ့်လဲ လုပ်ပေးနိုင်ပါ့မလား။ ဒါကလည်း မျိုးချစ်စိတ်ရှိတဲ့ ခင်ဗျားကိုပဲ တာဝန်ပေးတာပါ"

"စိတ်ချပါ ကျွန်တော်မျိုး တာဝန်ယူပေးပါ့မယ်"

"ဝမ်းသာပါတယ် ကျုပ် ခင်ဗျားကို အားကိုးပါမယ်"

ဗိုလ်မိုးကြိုး၏ပေးအပ်သည့်တာဝန်ကို လမ်းမတော်ဖိုးတုတ် လက်ခံလိုက်လေသည်။ ဖိုးတုတ်၏ကံဇာတာက ပြောမယုံအောင်ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုလတ်စာပေ

စတ္တူ၊ ရုပ်ပြ၊ ပဂ္ဂစင်း၊ အသစ်အဟောင်း၊ ရောင်းဝယ်ရေး

အမှတ် (၁၉၈)၊ ၃၁လမ်း၊ (အထက်) ရန်ကုန်။

၀၉ ၅၀၂၀၀၆၈၊ ၃၇၄၅၄၂

## အခန်း(၂၈)

ဂျပန်များသည် ရန်ကုန်မြို့တွင်း၌ အရာရှိများ၊ လူကြီးလူကောင်းများပြန်လည်ရောက်ရှိမလာသေး၍လမ်းမတော်ဖိုးတုတ်၏အကူအညီကိုရယူနေရသည်။ရန်ကုန်မြို့ကိုလမ်းမတော်ဖိုးတုတ်က အုပ်ချုပ်နေရသည်။ ၎င်း၏အနောက်တွင် ဗိုလ်မိုးကြိုးတို့ရှိနေ၍ လမ်းမ တော်ဖိုးတုတ် ကောင်းစွာအုပ်ချုပ်နိုင်သည်။

လမ်းမတော်ဖိုးတုတ်သည် ဂျပန်စစ်ဝတ်စုံနှင့် မြင်းကြီးကိုစီး၍ ရန်ကုန်မြို့ကို ကင်းလှည့်နေသည်။ အင်္ဂလိပ်ခေတ်က လူသတ်လုယက်မှုများတွင် ပါဝင်ခဲ့သော ဖိုးတုတ်သည့် ကိုယ်တိုင် အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



နေရ၍ ထိုကိစ္စများမဖြစ်ပေါ်စေရန် တပည့်များကို တင်းကြပ်စွာ တားမြစ်ထားသည်။ အားလုံးက လမ်းမတော်ဖိုးတုတ်ကိုလေးစားယုံကြည်သလို အားကိုးမှုများစွာ ဖြစ်ပေါ်လာကြသည်။

"လမ်းမတော်ဖိုးတုတ် ကျမ်းမာပါစေ"

"မောင်ဖိုးတုတ် အသက်ရှည်ပါစေ"

အမျိုးမျိုး ဆုတောင်းကြသည်။

"အားလုံး အခက်အခဲများရှိရင် ကျွန်တော့်ကို လာပြီးပြောကြပါ။ ကျွန်တော် တတ်နိုင်သလောက် ဖြေရှင်းပေးပါ့မယ်။ အရေးကြီးတာ က ဆူပူမှုတွေ မဖြစ်အောင် ထိန်းသိမ်းပေးကြပါ"

"စိတ်ချပါ မဖြစ်စေရပါဘူး"

လမ်းမတော်ဖိုးတုတ် မြင်းကြီးကို စီး၍ နေရာဒေသများကို အချိန်ပြည့် လျှောက်သွားနေသည်။ ၎င်း၏ အနောက်မှာ တပည့်များ လိုက်ပါနေသည်။

အလားတူ လမ်းမတော်ဖိုးတုတ်အိမ်မှာ ဗိုလ်မိုးကြီးကာ နယ်ဆာတိုး၊ ဘုရှီယားနဲ့ ဂျပန်ဘုန်းကြီးတွေဟာ ရှိနေကြသည်။ ဇနီး မသင်းမြနှင့် အိမ်ဖော်တွေဟာ ၎င်းတို့ကို ချက်ပြုတ်ကျွေးမွေး ဧည့်ဝတ်ပြုနေ တာနှင့် အချိန်ကုန်နေသည်။

"ကိုဖိုးတုတ်အိမ်မှာ လောက် စားစရာကောင်းတာမရှိဘူး"





ဟုပြောဆိုနေကြသည်။ လမ်းမတော်ဖိုးတုတ်ကတော့ ပေးအပ်သည့်တာဝန်အတွက် ထမ်းဆောင်နေပေတော့သည်။ လမ်းမတော် ဖိုးတုတ်သည် ၎င်းရာထူးရရှိလာမှ အလုပ်ပို၍ ရှုပ်ထွေးနေသည်။ မိသားစုအရေး၊ နိုင်ငံအရေး၊ လက်အောက်ငယ်သားအရေး၊ အရေးသုံးပါးကို ဆောင်ရွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပန်းရှက်ဝေ

## စာပေဖြန့်ချိရေး

လစဉ်ထုတ်ကာတွန်း၊ ရုပ်ပြ၊ ဝတ္ထု၊ မဂ္ဂဇင်းနှင့်

ဓာတ်မှန်၊ ဖလင်၊ စက္ကူ၊ လက်လီလက်ကားရောင်းဝယ်ရေး

အမှတ် (၂၀၃)၊ ၃၂ လမ်း၊ (အထက်) ရန်ကုန်။

၃၈၁၃၇၀၊ ၀၉၅၀၈၃၇၆၂

### အခန်း(၂၉)

အခြေအနေများပြောင်းလဲသွားသည်။ လမ်းမတော်ဖိုးတုတ်သည် ရန်ကုန်မြို့ကို အုပ်ချုပ်ပြီး တစ်နှစ်ကျော်ကြာလာသောအခါ ရန်ကုန်မြို့ကို ယခင်အရာရှိများ အသီးသီးပြန်လည်ရောက်ရှိလာကြသည်။

ယခင်အင်္ဂလိပ်လက်ထက်ကတာဝန်ထမ်းဆောင်သူများကို ဂျပန်များကပြန်လည်ရာထူးပေးလိုက်သည်။ လမ်းမတော်ဖိုးတုတ်မှာ ရာထူးလက်မဲ့ဖြစ်၍ရင်းတတ်ကျွမ်းသောအလုပ်ကို ဆက်လက်လုပ်ကိုင်မြဲ လုပ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗမာနိုင်ငံကို ဒေါက်တာဘမော်အစိုးရဖွဲ့ချိန်ဖြစ်နေသည်။ လမ်းမတော်ဖိုးတုတ်သည်ဩဇာအာဏာသိပ်မရှိတော့။ လမ်းမတော်ဖိုးတုတ် နေရာကို ပုလိပ်ညွှန့်ဘဘိုးနေရာဝင်ယူလာသည်။ ဘဘိုးသည် ဆရာကို မှီ၍ဩဇာအာဏာတန်ခိုးကြီးထွားလာသည်။

ဘဘိုးသည် ဗန္ဓုလဦးစိန်၏ ညာလက်ရုံးတစ်ယောက်ဖြစ်သည်။ ဗန္ဓုလဦးစိန်သည်ဒေါက်တာဘမော်အစိုးရတွင် သာသနာရေးဝန်ကြီးဖြစ်သည်။ ပုလိပ်ညွှန့်ဘဘိုးသည် ဒေါက်တာဘမော် နန်းရင်းဝန်ဘဝတွင် ကန်တော်ကြီးအိမ်တွင် စောင့်ရသော လူစွမ်းကောင်းကြီး တစ်ယောက်ဖြစ်သည်။ လမ်းမတော်ဖိုးတုတ်အတွက် သောကရောက်နေရ သည်။

ရင်း၏တပည့်များသည် ဂျပန်များ၏ လက်ချက်ဖြင့် သေပွဲဝင်ကြရ သလို တချို့လည်းထွက်ပြေးကုန်ကြသည်။ အနားတွင် တပည့်များ သိပ်မကျန်တော့ပေ။ ဂျပန်ခေတ် လေးနှစ်လေးမိုးတွင် လမ်းမတော်ဖိုးတုတ်သည်မထင်ရှားတော့သလို ပုလိပ်အဖွဲ့ကလည်း လမ်းမတော်ဖိုးတုတ်ကို စောင့်ကြည့်နေသည်။ ဂျပန်တော်လှန်ရေးအစ ၁၉၄၄ ခုနှစ်အလွန် လမ်းမတော် ဖိုးတုတ်အတွက် ပြောင်းလဲမှုတစ်ခု ထပ်မံ၍ ဖြစ်ပေါ်လာသည်။ လမ်း မတော်ဖိုးတုတ် မြင်တွေ့ချင်သည့် လွတ်လပ်ရေးသည် ရင်းအတွက် ပျောက်ကွယ်သွားရသည်။





ဒေါက်တာဘမော်အစိုးရအမိန့်ဖြင့် စုံထောက်ဌာနမှ ဦးရှိန်ကိုယ်တိုင် လမ်းမတော်ဖိုးတုတ်အိမ်ကို ရောက်ရှိလာသည်။

"ကိုဖိုးတုတ်ရှိလား"

"ဟုတ်ကဲ့ ရှိပါတယ် ထိုင်ပါခင်ဗျာ။ ကျွန်တော် ဘာကူညီပေးရမလဲ"

"စိတ်မကောင်းပါဘူး ကိုဖိုးတုတ်။ ကျွန်တော် ခင်ဗျားကို လာခေါ်တာပါ"

အထင်နှင့်အမြင် များစွာကွာခြားသွားသည်။ လမ်းမတော်ဖိုးတုတ်သည် စုံထောက်ဦးရှိန်လာခေါ်ခြင်းသည် တပည့်များကျူးလွန်သည့်အမှု ကိစ္စ၊ ဒါမှမဟုတ် တခြားကူညီတောင်းချင်သည့်ကိစ္စဟု ထင်မှတ်ထားသည်။

ယခုဦးရှိန်သည် ရင်းကိစ္စများကိုမပြောဘဲလာခေါ်သည်ဆိုတဲ့ စကားဟာ သံသယဖြစ်သွားသည်။ လမ်းမတော်ဖိုးတုတ် ဘာဖြစ်သလဲဟု မေးသော်လည်း ထင်သလောက် အဖြေထွက်လာခြင်းမရှိ အောင်ဖြစ်နေသည်။

"ကျူးလွန်တဲ့ပြစ်မှု မရှိပါဘူး။ ခင်ဗျားတို့နေထိုင်တာ အေးဆေးပါတယ်။ တာဝန်အရ လာရောက်ခေါ်ရတာပါဗျာ"

"ကျွန်တော် သဘောပေါက်ပါပြီ လိုက်ခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောဆိုပြီးနောက် လမ်းမတော်ဖိုးတုတ်သည် စုံထောက်ဌာနမှ ဦးရှိန်ခေါ်ရာကို လိုက်ခဲ့ပါသည်။ ဦးရှိန်သည် လမ်းမတော်ဖိုးတုတ်ကို ခေါ်ပြီး ပုလိပ်လက်ကို ချက်ချင်းအပ်လိုက်သည်။ ပုလိပ်များသည် လမ်းမတော်ဖိုးတုတ်ကို မြောင်းမြထောင်ကို ပို့ပြီး ချုပ်ထားလေသည်။

လမ်းမတော်ဖိုးတုတ်ကို ဖမ်းဆီးရာတွင် မည်သည့် ပုဒ်မ တပ်၍ ဖမ်းသည်ဆိုတာ လမ်းမတော်ဖိုးတုတ်ကိုယ်တိုင် မသိသလို ၎င်းနှင့်ပတ်သက်သူအားလုံးမည်သူမှမသိအောင်ဖြစ်နေတော့သည်။

## အခန်း (၁၀)

လမ်းမတော်ဖိုးတုတ်အတွက် အသက်ရှင်ရေးထက် သေဆုံးဖို့ကအလွန်နီးစပ်နေသည်။ မြောင်းမြထောင်တွင် နေထိုင်ရသော လမ်းမတော်ဖိုးတုတ်မှာ ရောဂါဝေဒနာများစွာ ခံစားနေရသည်။ ထောင်ဆရာဝန်များသည် လမ်းမတော်ဖိုးတုတ်ရောဂါကို တွေ့ရ၍ အလွန် စိုးရိမ်နေသည်။

လမ်းမတော်ဖိုးတုတ်သည်အစိုးရပုံစံဖြစ်သွားသည်။ လမ်းမတော်ဖိုးတုတ်မှာ ဘာရောဂါရှိလဲဟုမေးသောအခါ ဆရာဝန်က အသည်းအလွန်စိတ်ညစ်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖိုးတုတ်က ရောဂါအစုံဖြစ်နေတာဗျာ"

"ဘယ်လိုရောဂါလဲ ဒေါက်တာ"

"သူခံစားနေရတဲ့ရောဂါက လိပ်ခေါင်းရောဂါ၊ ဆီးချိုရောဂါ၊ အဆုတ်ရောဂါ၊ ဖောရောင်သောရောဂါ၊ ကာလေးရောဂါတွေပဲဗျာ"

ကြားလိုက်ရတဲ့သတင်းစကားကြောင့် အလွန်ဝမ်းနည်းကြေကွဲသွားသည်။ လူ့လောကတွင်အသက်ရှင်နိုင်ရန် အခွင့်အရေးမရှိနိုင်အောင်ဖြစ်နေသည်။ တစ်ချိန်တုန်းက လူမိုက်ကြီးတစ်ယောက်ဟု နာမည်ကြီးသူအဖြစ်နှင့် နေထိုင်ခဲ့သည်၊ ယခုကြုံတွေ့နေရတဲ့ရောဂါတွေကြောင့်ထိတ်လန့်တုန်လှုပ်နေသည်။ ၎င်းကိုယ်တိုင်လည်း သေရမှာကိုသိနေသည်၊ သေဆုံးရမှာကိုလည်းကြောက်ရွံ့နေသည်။

လက်ရှိအချိန်မှာ တောင်းဆိုချင်တာ တစ်ခုရှိသည်၊ အကျဉ်းသားတစ်ယောက်အနေနှင့် ထောင်တာဝန်ရှိသူများကို တောင်းဆို၍မရ ဆိုတာကိုသိနေသည်၊ တစ်ချိန်တုန်းက ဘဝများကိုလည်း တောင်းတခြင်းမရှိတော့၊ တောင်းတ၍လည်း အရိပ်လေးတောင်မဖြစ်နိုင်အောင် ဖြစ်နေသည်၊

တွေးရင်းနှင့် ကြေကွဲမှုများလွှမ်းမိုးလာနေသည်၊ လမ်းမတော်ဖိုးတုတ်သည် အဝေးက လွင့်မျောနေသည့် တိမ်လိပ်များကို ငေးမော ကြည့်ရင်းလွှမ်းမောနေသည်၊





"ကိုဖိုးတုတ်"

အသံတစ်ခုကြားလိုက်ရသည်၊ အသံပိုင်ရှင်သည် တစ်ချိန်က ရင်းနှီးဖူးသော မိတ်ဆွေတစ်ယောက်ဆိုတာ သိလိုက်ရသည်၊ လမ်းမ တော်ဖိုးတုတ်သည် အတွေးများကိုရပ်ဆိုင်းပြီး အသံလာရာကို ကြည့်လိုက်မိသည်၊ အလွန်အံ့ဩသွားသည်၊ ဝမ်းသာစိတ်များဖြစ်ပေါ်လာသည်၊ အသံပိုင်ရှင်သည် လမ်းမတော်ဖိုးတုတ်အနားကို ရောက်ရှိသွားသည်၊

"အင်စပက်တော်ပါလား"

"ကျုပ်ကိုမှတ်မိတယ်မဟုတ်လား ဖိုးတုတ်"

အင်စပက်တော်သည် လမ်းမတော်ဖိုးတုတ်ကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေသည်၊ အင်စပက်တော် ကိုခင်မောင်သည် နေကောင်း တယ်မဟုတ်လားဟု မမေးပေ၊ လမ်းမတော်ဖိုးတုတ်သည် များစွာသော ရောဂါပေါင်းစုံရှိနေသည်ဆိုတာကို သိနေခြင်းကြောင့် ဖြစ်သည်၊ မေးလျှင်လည်း မကောင်းဘူးဆိုသည့် အဖြေစကားကြားရမှာကို သိနေသည်၊

အင်စပက်တော်သည် လမ်းမတော်ဖိုးတုတ်နှင့် အသာသလာပ စကားများကိုသာ ပြောနေသည်၊ ထိုအထဲတွင် တစ်နေ့တာ အကြောင်းများကိုပြောနေခြင်းဖြစ်သည်၊ တစ်ဆက်တည်းမှာ ၎င်းက



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်း ပြောလာသည်။

"ကျွန်တော်နာမည်ကြီးတာ ဆရာ့ကြောင့်ပါ။ ကျွန်တော် မသေ ခင်တော့ လူတစ်လုံးဖြစ်အောင် လုပ်ပေးတာခင်ဗျားပါပဲ"

"ကိုင်း ကျွန်တော် ဘယ်လိုကူညီရမလဲ ပြော"

"ကျွန်တော်အခုခံစားနေရတဲ့ရောဂါနဲ့ပဲ မကြာခင် သေရမှာပါ။ ကျွန်တော့်ကို ဆေးပြင်းလိပ်၊ ထမင်းလျက်နဲ့ ကြက်ငယ်ငယ်စွပ် ပြုတ်ပို့ပေးပါလို့ တောင်းဆိုချင်ပါတယ်"

လမ်းမတော်ဖိုးတုတ်၏ တောင်းဆိုချက်အတွက်အလွန် အံ့ဩသွားရသည်။ ၎င်းကသာ ထောင်ကလွတ်အောင် ဆောင်ရွက် ပေးပါဟု တောင်းဆိုလာလျှင် ခက်ခဲစွာ ဆောင်ရွက်ပေးရမှာ အမှန် ဖြစ်သည်။

လမ်းမတော်ဖိုးတုတ်သည် ထိုတောင်းဆိုမှုကို မပြုလုပ်ဘဲ အခြား တစ်ခုကို တောင်းဆိုလာသည့်အတွက် ကိုခင်မောင်သည် ခေါင်းညိတ်ကတိပေးလိုက်သည်။ ထိုကတိအတွက်အားငယ်ကုန်ခမ်း နေသည့်ကြားက ပြုံးလိုက်လေသည်။ မျက်ဝန်းအိမ်မှ [illegible]သာသော စိတ်များဖြင့် မျက်ရည်များလည်လာလေတော့သည်။

အင်စပက်တော်ကိုခင်မောင်သည်အိမ်ကိုပြန်၍တောင်းဆို မှုကိုအမြန်ဆုံးဆောင်ရွက်ပေးလိုက်လေသည်။ လမ်းမတော်ဖိုးတုတ်





သည်ဦးခင်မောင်ပေးပို့လိုက်တာတွေကိုအားရစွာ စားသောက်လိုက် လေသည်။

"ကျေးဇူးပါပဲဆရာ။ ဒါတွေစားလိုက်ရလို့ သေလမ်းဖြောင့် သွားပါပြီ။ ဗမာနိုင်ငံ လွတ်လပ်ရေးရမရသေးတာကိုတော့ စိတ်မ ကောင်းပါဘူး။ ကိုအောင်ဆန်းတို့ကို လွတ်လပ်ရေးရအောင်ဆောင် ရွက်ပါလို့ပြောပေးပါဗျာ။ မကြာခင်သေရတော့မယ့်သူတစ်ယောက်အ နေနဲ့ မသေခင် အချိန်ထိ ဆုတောင်းနေမှာပါဗျာ"

လမ်းမတော်ဖိုးတုတ်၏စကားကိုကြား၍ ဦးခင်မောင်မှာ ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။ လမ်းမတော်ဖိုးတုတ်သည် ဗမာလူမျိုးတစ်ယောက်အနေနှင့်ဗမာလူမျိုးများကိုချစ်သည်။ ဗမာလူ မျိုးတွေ ဗမာနိုင်ငံကိုအုပ်ချုပ်တာကိုသာ မြင်ချင်သည်။ တိုင်းတစ်ပါး သားများ၏လက်အောက်မှာနေရတာကိုမလိုလား မနှစ်သက်အောင် ဖြစ်နေသည်။

၎င်း လူမိုက်လုပ်ရခြင်းသည် လူမျိုးခြားများက ချုပ်ချယ် အနိုင်ကျင့်သည်ကို မခံနိုင်၍ လူမိုက်လုပ်ရခြင်းဖြစ်သည်။ အင်စပက် တော် ဦးခင်မောင်သည် လမ်းမတော်ဖိုးတုတ်၏သဘောထားကို သိလိုက်ရ၍ဝမ်းသာခြင်းများစွာဖြင့် နေထိုင်ရာကိုပြန်လာခဲ့လေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

ကြားလိုက်ရသည့်သတင်းစကားကြောင့် အလွန်စိတ်မကောင်းဖြစ်မိသူမှာ ဦးခင်မောင်ဖြစ်သည်။ ဦးခင်မောင်သည် မြောင်းမြခရိုင် ရဲဝန်ဖြစ်သည်။ ဦးခင်မောင်သည် နံနက်အိပ်ရာကနိုးပြီး ရုံးတက်ရန် ပြင်ဆင်နေချိန်တွင် ရဲအရာရှိတစ်ယောက် ရောက်ရှိလာသည်။

"ဘာများအရေးကြီးလို့လဲ"

"ဦးဖိုးတုတ် သေဆုံးသွားပါပြီ ဝန်မင်း"

"အော် ဖြစ်မှဖြစ်ရလေခြင်း"





ဟုရှုံ့သာပြောနိုင်တော့သည်။ အလွန်ရင်းနှီးပြီး သဘောကောင်းတဲ့ မိတ်ဆွေတစ်ယောက် သေဆုံးသွားသည်ကို စိတ်မကောင်းဖြစ်နေမိသည်။

အသိစိတ်တွင် တစ်ချိန်တုန်းက တွေးမိခဲ့သည့်အတွေးများ ပြန်လည်ဝင်ရောက်လာသည်။

"ဖိုးတုတ်သည် လူကောင်းလား၊ လူမိုက်လား၊ လူကောင်းဟု ရှုံ့ပြောရန်ခက်ခဲသကဲ့သို့ လူမိုက်သက်သက်ပဲဟု ဆိုရန်လည်းခက်သည်။

ဖိုးတုတ်သည် တကယ်လူမိုက်လား၊ သို့မဟုတ် လူမိုက်အပေါင်းကို ထိန်းဖြူမဆောင်းဘဲ အုပ်ချုပ်မင်းလုပ်လာခဲ့တဲ့ လူမိုက်လားဟူသော အတွေးဖြစ်သည်။ တစ်ချိန်က လမ်းမတော်တစ်ဝိုက်ကို အုပ်ချုပ်သော အင်စပက်တော်ဘာဝတုန်းက ထိုကဲ့သို့ တွေးမိခဲ့ဖူးသည်။ ယခုတော့ လူမိုက်ကြီးလမ်းမတော်ဖိုးတုတ် သေဆုံးသွားပြီဟု သတင်းကြားလိုက်ရသည်။

လမ်းမတော်ဖိုးတုတ်သည် ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် သေဆုံးသွားသည်။ လမ်းမတော်ဖိုးတုတ် သေဆုံးကြောင်းရန် ကုန်ရှိ မိသားစုများထံ ချက်ချင်းအကြောင်းကြားလိုက်သည်။ သတင်းကြားသည်နှင့် လမ်းမတော်ဖိုးတုတ်၏ ညီဖိုးဘသိန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



တပည့်များ ရောက်ရှိလာသည်။ ၎င်း၏ဇနီး မသင်းမြကတော့ လိုက်ပါလာခြင်းမရှိ။

"ကျွန်တော်တို့ကို တစ်ခုလောက် ကူညီပါ"

"ပြောပါ ကျုပ် ဘာကူညီရမလဲ"

"ကျွန်တော့်အစ်ကိုကို ဂူသွင်းထားခဲ့ချင်ပါတယ် ဝန်မင်း"

"ရပါတယ်။ အဲဒီအတွက် မစိုးရိမ်ပါနဲ့။ ကိုဖိုးတုတ်ကို ခင်ဗျားတို့ချစ်သလို ကျုပ်လည်းရင်းနှီးပါတယ်။ သူ့ ဘာကိုမှ မမှာသွားပေမယ့် ခင်ဗျားတို့ဆန္ဒကိုတော့ ကျုပ်လိုက်လျောပါတယ်"

"ကျေးဇူးတင်ပါတယ် ဝန်မင်း"

ပုလိပ်ဝန်ဦးခင်မောင်၏ ခွင့်ပြုချက်ဖြင့် ကိုဘသိန်းတို့သည် လမ်းမတော်ဖိုးတုတ်ကို ဂူသွင်းသင်္ဂြိုဟ်ရန် ဆောင်ရွက်နေကြသည်။ ၎င်းတို့သည် လမ်းမတော်ဖိုးတုတ်ကို ဂူသွင်းရန် နေရာရွေးချယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ကြသည်။

လမ်းမတော်ဖိုးတုတ်ကို ဂူသွင်းပြီးနောက်တစ်နေ့ ရန်ကုန်မပြန်ခင် ကိုဘသိန်းတို့ လာရောက်ကန်တော့နှုတ်ဆက်ကြလေသည်။ ဒီဇင်ဘာဆောင်းကာလတွင် နှင်းမှုန်များက မြေပြင်ပေါ်သို့ ကျဆင်းနေသည်။

ပတ်ဝန်းကျင်၏အလင်းရောင်ကိုနှင်းမှုန်များက လွှမ်းမိုးနေ





၍ လူအရိပ်အယောင်ကို သဲသဲကွဲကွဲမြင်တွေ့ရခြင်းမရှိပေမယ့် ငုံ့ကြွ ဖြူသုတ်ထားတဲ့အုတ်ဂူလေးကတော့ အထင်းသားပေါ်လွင်နေသည်။ ဘသိန်းတို့သည် အုတ်ဂူလေးဘေးတွင် ဒူးတုတ်ထိုင်လျက် ကျမျက် ရည်တွေကို သုတ်လိမ်းနေသည်။

"ဦးဖိုးတုတ်"

"အသက် ၄၆ နှစ်"

အစ်ကိုအစ်ကို့အနားမှာ ကျွန်တော်တို့ရောက်နေပါပြီ။ အစ်ကိုကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ လိုက်လာတာပါ။ ကျွန်တော့်ကို ဘာမှာချင်သေးလဲ။ မှာလိုက်ပါအစ်ကို။ ကျွန်တော်လုပ်ပေးပါတယ်။ အခုတော့ အစ်ကိုမမှာနိုင်တော့ဘူး မဟုတ်လား။

ကျွန်တော်သိနေပါတယ် အစ်ကို။ ကျွန်တော့်ကို ဘာတွေ ပြော မလဲဆိုတာကိုပေါ့။ ဆိပ်ကမ်းအလုပ်သမားတွေ ဖိနှိပ်ခံနေရ သေးသလား။ မြန်မာနိုင်ငံ လွတ်လပ်ရေးအခြေအနေ ဘာထူးခြားလဲ။ ဒါတွေ မေးမှာမဟုတ်လား။ အလုပ်သမားတွေ အဆင်ပြေပါတယ်။ လွတ်လပ် ရေးအတွက် မြန်မာတစ်မျိုးသားလုံး ရဲဘော်သုံးကျိပ်နဲ့ ပူး ပေါင်းပြီး ဆောင်ရွက်နေကြပါတယ်။ မကြာခင် လွတ်လပ်ရေးရပါ တော့မယ်"

ကိုဘသိန်းသည် ပြောရင်းနှင့် မျက်ရည်များကို သုတ်သိမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ ကိုဘသိန်းသည် လမ်းမတော်ဖိုးတုတ်ကို အချစ်ဆုံး၊ အားအကိုးဆုံး၊ အစ်ကိုဖြစ်သူ သေဆုံးသွား၍ အထီးကျန်ဘဝကို ရောက်နေရ သလိုခံစားနေရသည်။

ကိုဘသိန်းသည်လမ်းမတော်ဖိုးတုတ်၏အရိပ်အောက်တွင် ကောင်းစွာနေထိုင်ခွင့်ရသည်။ ဘယ်လိုလူမျိုးကမှ လာရောက်နှောင့်ယှက်ခြင်းမရှိသလို တပည့် များကလည်း ကာကွယ်ပေးသည်။ ယခု အစ်ကိုဖြစ်သူသေဆုံးသွားသည့်အတွက်ကာကွယ်ပေးသူမရှိအောင် ဖြစ်နေသည့်ဟု ထင်မှတ်နေသည်။

"အစ်ကိုလို ဖြူစင်မြင့်မြတ်တဲ့ လူတစ်ယောက် လူ့လောက အပြင်ဘက်ကို စောစောထွက်ခွာသွားတာ ကျွန်တော်တို့အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီး တစ်ခုပါ။ အစ်ကိုထွက်သွားရမယ့်အစား ဘာမှအသုံးမကျတဲ့ ကျွန်တော့်လိုကောင်တစ်ယောက် ထွက်သင့်ပါတယ် အစ်ကိုရေ။ အစ်ကို့ကိုချစ်တဲ့ ဆိပ်ကမ်းအလုပ်သမားတွေက အစ်ကိုပြန်အလာကို မြှော်နေကြတယ်။ သူတို့မေးရင် ကျွန်တော် ဘယ်လို ဖြေရမှာလဲ အစ်ကို။ အစ်ကိုမရှိတော့ဘူးလို့ ပြောလိုက်ရင် သူတို့ ဘယ်လောက်ထိ ကြေကွဲတမ်းတကြမလဲဆိုတာ ကျွန်တော် သိနေတယ် အစ်ကို....။ အစ်ကိုဟာ ဆိပ်ကမ်းအလုပ်သမားတွေ အတွက် သူရဲကောင်းတစ်ယောက်ပါ။ ကျွန်တော် မျက်ရည်နဲ့ ဆု



တောင်းပေးပါတယ် အစ်ကို....။ အစ်ကိုကောင်းသောဘဝကို ရောက်ရှိပါစေလို့"

ကြေကွဲသောဆုတောင်းသံများသည် တိတ်ဆိတ်သော ပတ် ဝန်းကျင်ကို လွှမ်းမိုးနေသည်။ ငှင်း ဘယ်လိုဆုတောင်းပေမယ့် သွားလေ သူ လူမိုက်ကြီး လမ်းမတော်ဖိုးတုတ်တစ်ယောက်တတော့ မည်သည့် အခါမှ ကြားရမည်မဟုတ်တော့ပေ။

"အစ်ကိုရေ ကျွန်တော်သွားတော့မယ်။ အစ်မသင်းမြမေး ရင်ပြောလိုက်ပါမယ်။ အစ်မသင်းမြကိုနောက်ဆုံးအချိန်ထိနှုတ်ဆက် သွား ပါတယ်လို့"

ကိုဘသိန်းသည် အုတ်ဂူလေးကို ကန်တော့လေသည်။ ပြုတ်ကျနေတဲ့မျက်ရည်များကို သုတ်သိမ်းပြီး လေးတွဲ့စွာ ရပ် လိုက်လေသည်။ ထို့နောက် အနောက်ကို သုံးလေးလှမ်းနောက် ဆုတ်ပြီး အုတ်ဂူလေးကို ကျောပေးပြီး ထွက်ခွာသွားလေသည်။ အုတ် ဂူလေး သည် နှင်းမှုန်တွေကြားမှာ အထီးကျန်၍ ကျန်ရစ်ခဲ့လေသည်။

တရွေ့ရွေ့နှင့်လျှောက်သွားရင်းအုတ်ဂူလေးနှင့်ဝေး၍ဝေး၍ လာနေသည်။ ထိုအချိန်တွင်လေထဲမှလွင့်ပျံ့လာတဲ့တေးသံကိုကြား လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးလူမိုက်အကုန်လုံး
တစ်ချိန်ကျရင် သေကြရဦးမည်၊
လူကောင်းလည်းသေမည်၊
လူဆိုးလည်းသေမည့်
လူမိုက်လည်းသေမည်
မြတ်စွာဘုရားတောင်မှ သေခဲ့ရသည်၊
အားလုံးသေကြရမည်
ဟုပင် ကြားလိုက်ရပေတော့သည်

လေးစားစွာဖြင့်
မင်းပုည



BURMESE CLASSIC .com

www.burmeseclassic.com